ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ အင်္ဂါနေ့ (5-8-2008) (၅၇၆၁)

သုဘာသိတာစ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ

ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်ကို ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်အောင် ပညာစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်

နိုင်ငံဖွံ့ဖြိုးမှုနှင့် လိုက်ဖက်ညီသည့် ပညာအရည်အသွေးနှင့် ကျွမ်းကျင်မှုကို တစ်ပြိုင်တည်းတိုးတက်အောင်ဆောင်ရွက်

ပညာရေးအသိုက်အဝန်းကြီးတစ်ခုလုံး ခေတ်မီတိုးတက်ပြီး ထာဝရရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၅) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၄

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ ပဓာနကျသည့် စွမ်းဆောင်နိုင်မှုနှင့် အသိပညာရှင် အတတ်ပညာရှင်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် တိုင်းရင်းသား အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းအားကို ပေါင်းစပ်ပြီး တိုင်းပြည်တိုးတက်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လာခဲ့ခြင်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့အစိုးရသည် နိုင်ငံတော်ကြီး အဘက်ဘက်က ဆုတ်ယုတ်ယိုယွင်းပြီး တိုင်းပြည် မတည်မငြိမ်ဖြစ်နေသည့် အခြေအနေ၌ နိုင်ငံ၏တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ ပဋိပက္ခများ ကင်းစင်အောင် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ခဲ့ရသကဲ့သို့ နိုင်ငံဖွံ့ဖြိုးရေး၌ အဓိကလိုအပ်နေသော လမ်း၊ တံတား၊ ဆည်တမံ စသည့် အခြေခံအဆောက်အအုံများကို တိုင်းရင်းသား ပညာရှင်များ၏ စွမ်းအားဖြင့် အရှိန်အဟုန်ပြင်းစွာ တည်ဆောက်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်လလျှင် တံတားတစ်စင်း၊ ဆည်တမံ တစ်ခုနှုန်းပေါ် ထွန်းလာစေရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေ့ည မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror ယနေ့ ဆောင်းပါးအညွှန်း

- ခင်မောင်သန်း(စက်မှု)၏ **“မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း”** (သတင်းဆောင်းပါး) စာမျက်နှာ-၅
- ရဲရင့်တင့်ဆွေ၏ **“အမှတ်လည်းထား အကျင့်လည်းပြောင်းစေချင်”** (ဆောင်းပါး) စာမျက်နှာ-၆

ယခုဖောင်ကို အတည်ပြုပါသည်။ ၃း၄၂

ကြေးမုံ The Mirror

၅-၈-၂၀၀၈
(အင်္ဂါနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက် စံပြကျေးရွာများ တိုးတက်ဖွံ့လာ

နိုင်ငံတော်အစိုးရက လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိရာ မြို့ပြနှင့် ကျေးလက်ဒေသများ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာနေသည်ကို တွေ့ရသည်။

ကျေးလက်ဒေသများ၌ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး တိုးတက်ကောင်းမွန်စေရန် အခြေခံ အဆောက်အအုံများစွာကိုတိုးမြှင့်တည်ဆောက်ပေးနေသည်။ ဒေသအလိုက် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးအတွက် မြစ်ကူး ချောင်းကူးတံတားများနှင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် လမ်းများကို တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ ကူးသန်းဆက်သွယ် သွားလာမှု ပိုမိုလွယ်ကူလာလျက်ရှိသည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာအများအပြားကို တွေ့မြင်နေရသည်။ အဆိုပါ စံပြကျေးရွာများ၌ ကတ္တရာလမ်းသစ်များ၊ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်း၊ကျေးရွာတွဲဖက် အခြေခံပညာ အထက်တန်းကျောင်း၊ ကျေးရွာစာကြည့်တိုက်တို့ကို ထူထောင်ထားရှိနိုင်ပြီဖြစ်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြ ကျေးရွာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပံ့ပိုးမှုနှင့် ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းမှုတို့ဖြင့် လျှပ်စစ်မီးဖွင့်ပွဲကို ဩဂုတ်လ ၃ ရက်နေ့က ကျင်းပနိုင်ခဲ့ရာ ကျေးရွာရှိ အိမ်ခြေ၁၀၀ခန့် လျှပ်စစ်မီး ရရှိနေပြီဖြစ်သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ မြို့နယ်ပေါင်း ၃၀ကျော်၌ မြို့နယ်လုံးကျွတ် ကျေးရွာများ အားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်နှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်ပြည်သူများကပါ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ငွေကြေး၊ ပစ္စည်း၊ စေတနာစွမ်းအားတို့ဖြင့် ပါဝင်လှူဒါန်း ဝိုင်းဝန်းကြိုးပမ်းလျက်ရှိရာ စံပြကျေးရွာများ တိုးတက်ပေါ်ထွက်လာပြီး ကျေးလက်ဒေသပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်းတိုးတက်မြင့်မားလာလျက် ရှိနေပြီဖြစ်ပါသည်။ ။



ပြင်သစ်နိုင်ငံ ပါရီမြို့ **ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ညောင်လေးပင်မြို့ ဆေးရုံဟောင်းလမ်းနေ ဒေါ်စောကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှ တစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ကျောက်ပန်းတောင်းတွင် လုပ်ငန်းဆိုင်ရာများစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် တောင်ဇင်းကျေးရွာရှိ ပြည်လုံးချမ်းသာရွှေတန်ဆာ ကျောင်းတိုက်၌ ကျင်းပသည့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင်ပြည်လုံးချမ်းသာရွှေတန်ဆာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသိယထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက်ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအားဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီးဒေါ်ခင်သန်းဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဆရာတော် ဘဒ္ဒန္တကောသိယထံမှ ဝန်ကြီးနှင့် ပရိသတ်များက အနုမောဒနာတရားတော်များ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ရှိ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း မြို့နယ်ရုံးခွဲသို့ ရောက်ရှိရာ ရုံးခွဲတာဝန်ခံနှင့် တာဝန်ရှိသူများကဘဏ္ဍာနှစ်အတွင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား အထောက်အကူပြုနိုင်ရေး အလေးထားကြိုးပမ်းကြရန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ကျောက်ပန်းတောင်းမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ရသင့်ရထိုက်သည့် အခွန်များကို ပြည့်ဝမှန်ကန်စွာကောက်ခံသွားရန် ဆက်လက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိပြီး တာဝန်ရှိသူများအား ဒေသစီးပွားရေး ဖွံ့ဖြိုးမှုအရှိန်အဟုန်ပိုမိုမြင့်မားစေရေးအတွက် ထိရောက်သည့် ဘဏ်လုပ်ငန်းကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားရှိချိုင်းရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့ ကျောက်ပန်းတောင်း မြို့နယ် တောင်ဇင်းကျေးရွာရှိ ပြည်လုံးချမ်းသာ ရွှေတန်ဆာကျောင်းတိုက်တွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(ဘဏ္ဍာ/အခွန်)

မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်း တည်ဆောက်ရေးအဖွဲ့ စည်းဝေး

နေပြည်တော် ဩဂုတ် ၄

မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ ပါဝင် တက်ရောက်သော (၇)ကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်း တည်ဆောက်ရေး အဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေး (GMS Information Superhighway Implementation Group Meeting No.7) ကို ဇူလိုင် ၃၀ ရက်တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ အစည်းအဝေးတွင် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံအကြား မြန်နှုန်းမြင့် သတင်းအချက်အလက် ဆက်သွယ်ပေးပို့ ဖလှယ်နိုင်မည့် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်းများ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်အစီအမံများ၊ အဆိုပါ ဆက်ကြောင်းများ ဖွင့်လှစ်လိုက်ခြင်းပေါ်မှ ရရှိလာမည့် ဒေသတွင်း ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေတို့ကို သုံးသပ်ဆွေးနွေးကြသည်။

မဲခေါင်ဒေသ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်း စီမံကိန်းအရ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်းကို ၂၀၀၈ ခုနှစ် မတ် ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ ဖိုင်ဘာဆက်ကြောင်းပေါ်မှ Bandwidth Capacity 10 Gb (STM-64)နှင့် အရန်အနေဖြင့် Micro Linkပေါ်တွင် 2.5 Gb(STM-16)ဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်းနှင့် မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်းကို တာချီလိတ်-မယ်ဆိုင်ဆက်ကြောင်းမှ တစ်ဆင့် အသုံးပြုနိုင်ပြီဖြစ်ရာမြဝတီ-မဲဆောက်ဆက်ကြောင်းကို မကြာမီ ဖွင့်လှစ်အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအောင်သီလရှင်များအား ဂုဏ်ပြုပူဇော်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်း ကျိုက္ကစံသီလရှင်စာသင်တိုက် (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ဓမ္မာစရိယတန်းပထမကြီး၊ပထမလတ်နှင့်ပထမငယ်တန်းတို့တွင်အောင်မြင်တော်မူခဲ့ကြသော သီလရှင်ဆရာလေးများအား ဂုဏ်ပြုပူဇော်ပွဲကို ဩဂုတ် ၃ရက်နံနက်ပိုင်းက အဆိုပါ သီလရှင်စာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒထံမှ နဝင်္ဂသီလ တရားတော်နာကြားပြီး ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျိုက္ကစံသီလရှင်စာသင်တိုက် ဦးစီးနာယက သီလရှင်ဆရာကြီး ဒေါ်သြဘာသီ အမှူးပြုသော သီလရှင်စာချ ဆရာကြီးများနှင့် စာမေးပွဲအောင်သီလရှင် ဆရာလေးများအား သာသနာ့ဟိတကာရီ အမျိုးသမီးများအဖွဲ့နှင့် အလှူရှင်များက သီလရှင်ဝတ်စုံ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လှူဒါန်းပူဇော်ပြီး **(ဝဲပုံ)** ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ စာမေးပွဲအောင် သီလရှင်ဆရာလေးများအား အလှူရှင်ဒေါက်တာ ဦးနေဇင်လတ်-ဒေါ်ခင်စန်း မိသားစုနှင့် ကိုအောင်နိုင်ထွန်း-မသီတာအေး မိသားစုက နေ့ဆွမ်း၊ အချိုပွဲတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၀၆)

လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၄

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီဆောင်ရွက်ခဲ့သော မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီခဲ့ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ၂၂၅ ဦး ကိုယ်စား မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွေရအား လည်းကောင်း၊ မွန်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀၆ ဦး ကိုယ်စား ကြက်ခြေနီတပ်ရင်းမှ ဦးဇော်ဦးလွင်အား လည်းကောင်း၊ မွန်ပြည်နယ် အရန်မီးသတ်တပ်ဖွဲ့မှ အဖွဲ့ဝင် ၇၅ ဦး ကိုယ်စား မော်လမြိုင်မြို့နယ် အရန်မီးသတ် တပ်ရင်းမှ ဦးအေးမောင်အား လည်းကောင်း**(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဝတ်စုံ ၄၀၆ စုံကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင် ဦးမျိုးညွန့်က လေဘေးသင့်ဒေသများသို့ သွားရောက်ကူညီခဲ့ကြသော အတွေ့အကြုံများ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

စည်ပင်သာယာရေးဘဏ်လီမိတက် အစည်းအဝေး ကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ဩဂုတ် ၂ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးခင်လတ်က ဖတ်ကြားရှင်းလင်းတင်ပြပြီး စာရင်းစစ် အစီရင်ခံစာကို စာရင်းစစ်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းအစုရှယ်ယာရှင်များက ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် ပြည်နယ်၊ တိုင်းအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ပလ္လက်သတ္တာဟ ဗုဒ္ဓဆင်းတုတော်အတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းတော်ကြီးနှင့် အနောက်ဘက်စောင်းတန်းတော်ကြီးကြားရှိ မိဂဒါဝုန်မြေကွက်လပ်၌ သတ္တာဟခုနစ်ဌာနမှ ပထမသတ္တာဟဖြစ်သည့် ပလ္လက်သတ္တာဟဗုဒ္ဓဆင်းတုတော်ကြီးအတွက် အလှူငွေကျပ် ၁၈၀၀၀၀၀ ကို အင်းစိန်မြို့နယ် ကြို့ကုန်းအရာရှိရိပ်သာဝင်းနေ ဦးမောင်မောင်သန်းနှင့် သားသမီးမြေးများက ကွယ်လွန်သူ (ဒေါ်လှလှကြည်)အား ရည်စူး၍ မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ဂန္ဓာရုံကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏိတထံ ရေစက်ချသာဓုအနုမောဒနာ တရားနာယူပြီး လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးအေးကို၊ ဦးသိန်းစိုးတို့က လက်ခံရယူကြသည်။ **(အပေါ်ယာပုံ)**

ဘုရားကြီးတွင် သတ္တာဟခုနစ်ဌာနနှင့် မိဂဒါဝုန် ဥယျာဉ်တော်ကြီးကို တည်ဆောက်နေပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆွမ်းဆန်တော်အလှူရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၄

ပရိယတ္တိသာသနာ နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၂၃၄) ကြိမ်မြောက် ဆွမ်းဆန်တော်အလှူ ရေစက်ချမင်္ဂလာကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်နေ့) မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ ဦးမောင်ကလေး- ဒေါ်ကြုတ် တန်ဆောင်း၌ ကျင်းပရာ စမ်းချောင်းမြို့နယ် ရွှေလှိုင် ပရိယတ္တိစာသင်တိုက်မှ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသံဝရဗောဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။**(ဝဲပုံ)**

ဆက်လက်၍ အကျိုးတော်ဆောင်ချုပ် ဦးအေးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆွမ်းဆန်တော် တင်းပေါင်း ၅၆၀၀ ကျော်ကို ကျောင်းတိုက်ပေါင်း ၂၁၅ တိုက်မှသံဃာတော်အပါး ၁၈၀၀၀ ကျော်တို့အတွက် လှူဒါန်းမှုအစုစုကို ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

(ကြေးမုံ)

✳ ရှေ့ဖုံးမှ

တစ်ဆက်တည်းမှာပင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံ၏ ဓနအင်အားတိုးပွားခိုင်မာလာအောင် အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာသည့် အခြေခံအဆောက်အအုံများ၏ စွမ်းအားဖြင့် မြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

အမျိုးသားအဆင့် စီမံကိန်းကြီးများ၊ နယ်မြေအလိုက် စီမံကိန်းများ၊ အထူးစီမံကိန်းကြီးများ ချမှတ်ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ကြရာ၌ အစိုးရဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၊ ဝိဇ္ဇာသိပ္ပံပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး အလွန်ကြီးမားခိုင်ခံ့သည့်အင်အား၊ အလွန်ထက်မြက်သည့် စွမ်းပကားတို့ဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဖော်ညွှန်းပြသ

ဤကဲ့သို့ အဘက်ဘက်က ဆုတ်ယုတ် ယိုယွင်းနေသော နိုင်ငံတော်ကို အချိန်တိုကာလအတွင်းတွင် တစ်ပတ်လည်ပြီး တိုးတက်ဖွံ့ဖြိုးမှု လမ်းကြောင်းပေါ်ကို အရှိန်အဟုန်ဖြင့် ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အမျိုးသားရေး စွမ်းအားစုများ၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်သူ၏အားကို အားထား ဆောင်ရွက်လျက်ရှိသည့်အလျောက် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သည့် နယ်မြေဒေသများအတွက် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်း ပပျောက်စေရအောင် ဆောင်ရွက်ရာမှာလည်း ဒေသတစ်ခုချင်းအလိုက် လိုအပ်သော လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအခြေခံများ မြှင့်တင်ပေးနိုင်စေရန်လည်း သီးသီးသန့်သန့် အာရုံစူးစိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသအသီးသီး၏ ရေမြေသဘာဝ သယံဇာတနှင့် ရာသီဥတု အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အနေအထားတို့ကြောင့် နယ်မြေဒေသတိုင်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် ခဲယဉ်းသော်လည်း ဒေသတိုင်း၌ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းနှင့် အခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ထွန်းလာစေခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ တဖြည်းဖြည်းချင်း ကျဉ်းမြောင်း ပပျောက်လာမည်ဆိုသည့် သဘောထားဖြင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများကို ဒေသအလိုက် တည်ဆောက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်း အသီးသီးတွင်ရှိသော တိုင်းရင်းသားပြည်သူအားလုံး ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားလာသည်နှင့်အမျှ ပြည်သူများသည် မိမိတို့ဘဝ မိမိတို့မြှင့်တင်နိုင်သော အင်အားများ၊ ဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည့် စွမ်းအားကောင်းများ ဖြစ်ထွန်းလာပြီး ဒေသအသီးသီး၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ နိုင်ငံ၏စီးပွားရေးနှင့် ဓနအင်အားလည်း တစ်ပါတည်း တိုးတက်ခိုင်မာလာမည် ဖြစ်ကြောင်း။

နိုင်ငံ၏ဓနအင်အား၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အရည်အသွေးများ တိုးတက်မြင့်မားလာသည်နှင့်အမျှ နိုင်ငံနှင့် လူမျိုး၏ တိုးတက်ကြီးပွားမှုနှင့်အတူ မိမိနိုင်ငံ မိမိ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်မြှင့်တင်နိုင်သည့် စွမ်းအားကို ပိုင်ပိုင်နိုင်နိုင် အသုံးချပြီး နိုင်ငံတကာ မျက်နှာစာ၌လည်း အမျိုးသားရေး အကျိုးစီးပွားကို ခိုင်ခိုင်မာမာ ထိန်းသိမ်းမြှင့်တင်နိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမ တစ်ဦးချင်း၏ ပညာရေးလုပ်ငန်းတာဝန် ထမ်းဆောင်မှုအသီးသီး၏ အကျိုးသက်ရောက်မှုများ ဆပွားပေါင်းစည်းပြီး နိုင်ငံအတွက် အားထားရသည့် ခိုင်မာအားကောင်းသော အမျိုးသားရေးခွန်အားတစ်ရပ် ဖြစ်ထွန်းလာမှာဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် မိမိတို့၏ နေ့စဉ်တာဝန်ဝတ္တရားများကို သာမန်မျှသဘောမထားဘဲ စွမ်းစွမ်းတမံ ကျေကျေပွန်ပွန် ထမ်းဆောင်ပေးကြပါဟု မှာကြားလိုကြောင်း။

ယနေ့ မြန်မာ့အခြေအနေအရရော ကမ္ဘာ့အခြေအနေအရပါ အစစအရာရာ၌ နည်းပညာရပ်များ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုကို တောင်းဆိုလျက်ရှိသည့်အတွက် သဘာဝအရင်းအမြစ်သာမက လူသားအရင်းအမြစ်ကိုပါ ဖော်ထုတ်မြှင့်တင် အသုံးချနိုင်သည့် စွမ်းအားကို ပညာရေးကဏ္ဍက ဖန်တီးဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း။

ဆောင်ရွက်ကြရမည်

နိုင်ငံတော်ကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ပညာ၏ စွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်ပေးရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်ဖက်ညီမျှသည့် ပညာရည် အရည်အသွေးနှင့် ကျွမ်းကျင်မှုကို တစ်ပြိုင်တည်း ရှင်သန်တိုးတက်နေအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီသော သင်ရိုးညွှန်းတမ်းများ၊ ဤသင်ရိုးညွှန်းတမ်းများကို ထိရောက်အောင် သင်ကြားသင်ယူနိုင်စေမည့် ခေတ်မီ သင်ထောက်ကူပစ္စည်းများ၊ ဤခေတ်မီ သင်ထောက်ကူပစ္စည်းများကို အကျိုးရှိအောင် အသုံးချနိုင်မည့် အီလက်ထရွန်နစ် ကွန်ရက်များ အပါအဝင် ပညာရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဤပညာရေး အခြေခံကောင်းများကို အကျိုးရှိ ထိရောက်အောင် အသုံးပြုပြီး နိုင်ငံ၏ ပညာရည်အဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည့် ဆရာ အတတ်ပညာ အရည်အသွေးကောင်းများအပြင် ဤအခြေခံကောင်းအားလုံး တည်တံ့ခိုင်မြဲပြီး ရှင်သန်တိုးတက်အောင် စေ့ဆော်ဖန်တီးပေးနိုင်မည့် ပညာရေးပတ်ဝန်းကျင်ကောင်းများစသည့် ပညာရေးအသိုက်အဝန်းကြီး တစ်ခုလုံးကို ခေတ်မီတိုးတက်ပြီး အစဉ်ထာဝရ ရှင်သန်ဖွံ့ဖြိုးနေစေရအောင် အမြဲမပြတ် ဝိုင်းဝန်းတည်ဆောက် ထိန်းသိမ်းမြှင့်တင်နေကြရန် လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရန်ဆိုသည့် အမျိုးသားရေး မျှော်မှန်းချက်နှင့်အညီ နိုင်ငံ၏ အနာဂတ်ကို ထုဆစ်ပုံဖော်ရင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ရည်မှန်းချက်ရှိရှိ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

မဝေးတော့

ယခုဆိုလျှင် အနာဂတ်နိုင်ငံတော်၏ အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အတိုင်းအတာ တစ်ခုအထိ လုံလောက်ပြည့်စုံနေပြီဖြစ်သည့်အတွက် ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရန်လည်း မဝေးတော့ပါဟု ဆိုနိုင်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ယနေ့ မျိုးဆက်သစ်လူငယ်များကို မကြာမီ ပေါ်ထွန်းလာတော့မည့် အနာဂတ်ကာလ နိုင်ငံတော်သစ်ကြီးနှင့် အံဝင်ခွင်ကျဖြစ်မည့် နိုင်ငံကြီးသား အရည်အသွေးနှင့် ပြည့်ဝစေရအောင်၊ နိုင်ငံကို ပြုစုပျိုးထောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရအောင်၊ နိုင်ငံတော်မပြိုမကွဲ တည်တံ့ခိုင်မြဲစေရေးအတွက် ဆက်ခံထိန်းသိမ်း မြှင့်တင်ပေးနိုင်မည့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာသော မျိုးချစ်ပုဂ္ဂိုလ်များ ဖြစ်လာစေရအောင် ပညာရေးကဏ္ဍကတစ်ဆင့် ကြိုတင် ပြုစုပျိုးထောင် ပြင်ဆင်လေ့ကျင့်ပေးနေခြင်း ဖြစ်သည့်အလျောက် နိုင်ငံတော်၏ရည်မှန်းချက် ပြည့်မြောက်အောင်မြင်စေရအောင် ဆရာ၊ ဆရာမများအားလုံးက အမျိုးသားရေးအသိဖြင့် ကြိုးပမ်းထောက်ကူပေးကြပါဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၁၅၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၈ - ၂၀၀၉ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်မှ (၁၅) ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ငမိုးရိပ် ရေသန့်စင်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့သို့ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံသို့ ရောက်ရှိရာ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူတို့က ရန်ကုန်မြို့သို့ ဒုတိယအဆင့် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ နေ့စဉ် ရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်း ပေးဝေနိုင်ရေးအတွက် အလျား ၁၅၃ ပေနှင့် အနံ ၅၉ ပေ စီရှိ ရေစစ်ကန်နှစ်ကန် တည်ဆောက်မှုတွင် ပါဝင်သည့် ကန်ငယ် ၃၂ ကန် အချောသပ် ဆောင်ရွက်နေမှုနှင့် အလျားပေ ၁၅၀ နှင့် အနံပေ ၈၀ ရှိ အနည်ထိုင်ကန် ခြောက်ကန် တည်ဆောက်နေမှုလုပ်ငန်းများ ပြီးစီးမှု အခြေအနေကို လိုက်လံရှင်းလင်းပြသကြရာ မြို့တော်ဝန်က ယခင်စီမံကိန်းလုပ်ငန်းများအပေါ် အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေရေးအတွက် စနစ်တကျ လုပ်ဆောင်ကြရန် သတ်မှတ်ကာလထက် စောပြီးနိုင်သမျှ ပြီးစီးရေးအတွက် ဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၅၂ ရာခိုင်နှုန်းပြီးစီး

အဆိုပါ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံမှ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့သို့ ပထမအဆင့် ရေပေးဝေရေး စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့၍ ရန်ကုန်မြို့သို့ နေ့စဉ် ရေဂါလန် ၄၅ သန်းဖြန့်ဝေပေးလျက်ရှိပြီး တိုးတက်လာသော ရန်ကုန်မြို့နေလူဦးရေနှင့်အညီ နေ့စဉ် ရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရန် ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ ၅၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနီးရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း

သတင်းဆောင်းပါး၊ ဓာတ်ပုံ
ခင်မောင်သန်း (စက်မှု)

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်စေရေး အထောက်အကူပြုပြီး လျှပ်စစ်ဓာတ်အား (၂×၃) မဂ္ဂါဝပ် ထုတ်လွှတ်ပေးရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီး နမ့်အက်ချောင်းပေါ်တွင် မြေသားတမံတည်ဆောက်နေသည်။

ကျိုင်းခမ်း ရေလှောင်တမံ ဘက်စုံစီမံကိန်းနယ်မြေသို့ သွားရောက် ကွင်းဆင်းလေ့လာခဲ့ရာ မိတ္ထီလာမြို့ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူးရုံးမှ စီစဉ်ပေးမှုဖြင့် ရပ်စောက်မြို့-ဆည်မြောင်း ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးရုံးသို့ ထွက်ခွာခဲ့သည်။

ရပ်စောက်မြို့ တည်ဆောက်ရေး (၇) လက်ထောက်ညွှန်ကြားရေးမှူးရုံးမှလက်ထောက်အင်ဂျင်နီယာဦးသန်းဦးက ကျိုင်းခမ်းရေလှောင်တမံနှင့် ပတ်သက်၍ ပမာဏရှင်းလင်းပြသပြီး ဦးစီးမှူး ဦးတင်အောင်မြတ်(တမံ)လိုက်ပါ၍ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းဧရိယာသို့ ထွက်ခွာခဲ့သည်။ ထိုသို့ထွက်ခွာလာရာတွင် ဗထူးမြို့မှ ထွက်ခွာခဲ့ပြီး ၁၈ မိုင်တိုင် အရောက်တွင် ဇော်ဂျီချောင်းကို ဖြတ်ကျော်ရသည်။ ထို့နောက် ကျိုင်းခမ်းလမ်းအတိုင်းဝင်လာရာ ကျိုင်းခမ်းရေလှောင်တမံ လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ရပ်စောက်မြို့မှ ကျိုင်းခမ်းရေလှောင်တမံအထိ ၄၂ မိုင် ကွာဝေးသည်။

ကျိုင်းခမ်း ရေလှောင်တမံသည် နမ့်အက်ချောင်းကို ပိတ်ထားခြင်းဖြစ်ပြီး နမ့်အက်ချောင်းသို့ အခြားချောင်းများက ပေါင်းစည်းဝင်ရောက်လျက်ရှိသည်။ နမ့်အက်ချောင်းသည် ဟိုပုန်းမြို့နယ်မှ မြစ်ဖျားခံပြီး ဒုဋ္ဌဝတီမြစ်ထဲသို့ စီးဝင်သည်။

ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် မိတ္ထီလာလွင်ပြင်ဒေသတစ်ခုလုံးအား စိမ်းလန်းစိုပြည်လာစေရန်နှင့် သီးနှံများ အပြည့်အဝ စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ဒေသအတွက် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနိုင်မည် ဖြစ်သည်။ ထို့ပြင် ဇော်ဂျီရေလှောင်တမံသို့ နန့်မေလျန်ချောင်းမှတစ်ဆင့် ရေကူဖြည့်တင်းနိုင်မည့်အပြင် ဇော်ဂျီရေလှောင်တမံမှ လက်ရှိ ထုတ်လွှတ်နေ သည့် လျှပ်စစ်ဓာတ်အား ၆ မဂ္ဂါဝပ်မှ ၁၂ မဂ္ဂါဝပ်သို့ တိုးမြှင့်ပေးနိုင်မည် ဖြစ်သည်။ ထို့မျှမက ဇော်ဂျီရေလှောင်တမံမှ အသုံးပြုထုတ်လုပ်ရေးကို ရွှာငံမြို့နယ်အတွင်းရှိ မြို့ကြီးရေလှောင်တမံသို့ ဇော်ဂျီမြစ်မှတစ်ဆင့် ဆက်လက်ဖြည့်တင်းပေးပြီး မြို့ကြီးရေလှောင်တမံအနေဖြင့် မိမိရေဆင်း ဧရိယာများမှ စီးဝင်ရေများနှင့် အထက်ဘက်ရှိ ဇော်ဂျီရေလှောင်တမံမှ လွှတ်ချရေတို့ဖြင့် မိတ္ထီလာလွင်ပြင်ဒေသနှင့် လက်ရှိဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏ ဧကပေ ၉၉၀၀၀၀ ခန့် ထုတ်လွှတ်ပေးမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ကိုပါ ထုတ်လွှတ်သွားနိုင်မည် ဖြစ်သည်။

ကျိုင်းခမ်း ရေလှောင်တမံတည်ဆောက်ရခြင်း ရည်ရွယ်ချက်သည် နန့်အက်ချောင်းပေါ် မြေသားတမံတည်ဆောက်ပြီးလျှင် ဒေသအတွက် လျှပ်စစ်ဓာတ်အား (၂×၃)မဂ္ဂါဝပ် ထုတ်လွှတ်ပေးရန်နှင့် ရွှာငံမြို့နယ်အတွင်း တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံသို့ တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံမှတစ်ဆင့် ရေကူပေးရန်အတွက် ဇော်ဂျီရေ လှောင်တမံသို့ ဆက်သွယ်မြောင်း ဖောက်လုပ်၍ ရေဖြည့်တင်းပေးရန်ဖြစ်ကာ ဆက်သွယ်တူးမြောင်းဧရိယာအတွင်း စိုက်ပျိုးမြေများသို့ရေပေးဝေရန်ဖြစ်သည်။ တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံနှင့် ကျိုင်းခမ်းရေလှောင်တမံသည် ၁၄ မိုင်ကွာဝေးသည်။ ကျိုင်းခမ်းရေလှောင်တမံမှရေကို ဇော်ဂျီတမံသို့ ရေဖြည့်တင်ပြီး ဇော်ဂျီချောင်းအတိုင်း ရေပြန်ထည့်ပေး၍ မြို့ကြီးရေလှောင်တမံသို့ ရောက်ရှိ သွားစေမည်ဖြစ်သည်။

ကျိုင်းခမ်းရေလှောင်တမံမြေသားတမံတည်ဆောက်ရေးတွင်ပြီးစီးနေသောတမံအစိတ်အပိုင်းကို တွေ့ရစဉ်။

တမံမြေကြီးလုပ်ငန်းနှင့်အောက်ခြေအပိုင်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်စဉ်။

မြို့ကြီးရေလှောင်တမံအောက်ဘက် ရေလွှဲဆည်မှ ကင်းတားဆည် လက်ယာ မြောင်းထဲသို့ ရေလွှတ်ပေးပြီး သင်းတွဲဆည်၊ ငပြောင်ဆည် စသည့် ရေသောက်စနစ်နှင့် ကင်းတား လက်ယာဘက် ရေသောက်စနစ်များသို့ ရေဖြည့်ဆည်းပေးသွားမည်ဟု ဦးစီးမှူးက ရှင်းလင်းပြသသည်။

ကျိုင်းခမ်းရေလှောင်တမံ၏ အဓိက အချက်အလက်များမှာ ကျိုင်းခမ်းကျေးရွာအနီးတွင် တည်ဆောက်ထား၍ ကျိုင်းခမ်းရေလှောင်တမံဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ နှစ်စဉ်ပျှမ်းမျှထုတ်လုပ် မည့်လျှပ်စစ်စွမ်းအား ၂၀ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်ပြီး၊ စီမံကိန်းကာလ စတင်သည့်နှစ်မှာ ၂၀၀၅-၂၀၀၆ခုနှစ်ဖြစ်ကာ ခန့်မှန်းတည်ဆောက်ပြီးစီးမည့် နှစ်မှာ ၂၀၀၉-၂၀၁၀ ဖြစ်သည်။

တောရှင်းခြင်း လုပ်ငန်း ကို စက်ယန္တရားဖြင့် ဆောင်ရွက် စဉ်။

ယခုအခါတွင် ကျိုင်းခမ်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများတွင် တမံမြေဖို့ခြင်း၊ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ရေပိုလွှဲနှင့် ဆက်သွယ်မြောင်းဖောက်ခြင်းများကို တောရှင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။ ရေထုတ်မြွန်နှင့် ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ ဆောလျင်စွာ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရန်စီမံ လျက်ရှိကြောင်း သိရှိရသည်။

ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စိုက်ပျိုးမြေများသို့ ဆည်ရေသောက် ပေးဝေနိုင်ခြင်း၊ ရေအားလျှပ်စစ် ထုတ်လွှတ်နိုင်ခြင်း၊ လက်ရှိ ဇော်ဂျီ ရေလှောင်တမံမှလည်း စက်စွမ်းအားဖြည့်လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်ခြင်း၊ မြို့ကြီး ရေလှောင်တမံမှလည်း ကျောက်ဆည်ခရိုင်ဇော်ဂျီရေသောက်စနစ်သို့ဆည်ရေပို့နိုင်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်ခြင်းတို့အပြင် မိတ္ထီလာ လွင်ပြင်ဒေသတစ်ခုလုံးအတွက် ရေဧကပေ ၄၀၀၀၀၀ ခန့် အဆင့်ဆင့်ပေးပို့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ခံစားကြရမည်ဖြစ်၍ ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၄

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)အမှတ် (၃၇)တွင် နေကြတ်လကွယ်ဖြစ်သည့်နေ့မှာ မင်းသိခ်ကွယ်လွန်ရှာ၊ ကျော်ဟိန်းပြောတဲ့ အတိုင်း လုပ်-မလုပ်၊ မြန်မာနိုင်ငံ၌ရေအားလျှပ်စစ်စက်ရုံကြီးနှစ်ရုံ အိန္ဒိယမှ တည်ဆောက်ပေးလို၊ မြန်မာသင်္ဘောသားကရိန်းပိ သေဆုံး၊ နေကြတ်ခြင်းကြောင့်ရန်ကုန်မြစ်ရေထူးခြားစွာမြင့်တက်ခဲ့၊ MAI မှလေယာဉ်အသစ်များဖြင့်ပျံသန်းမည်၊ဂျိမ်းဘွန်းရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီနှင့်နောက်ဆုံးဂျိမ်းဘွန်းမင်းသားတို့က ရေလုပ်ငန်းသုံးစက်လှေ ၂၅စင်းလှူဒါန်း၊ ငှားရမ်းလိုသူများ၊ ဝယ်ယူလိုသူများ၊ အပေါင်ခံသူများ အထူးသတိပြုရန်လိုအပ်၊ စင်ကာပူတွင် အလုပ်အကိုင် အခွင့်အလမ်းလျော့နည်းလာ၊ လေဘေးသင့်ပြည်သူများအတွက်ရန်ပုံငွေရှာဖွေပေးမည့်လေးဖြူရတနာပုံဈေးဖျက်သိမ်းမှုရာနှုန်းပြည့်ပြီးစီး၊ နှစ်နှစ်အတွင်း ပြန်လည်တည်ဆောက်မည်၊ ပါမောက္ခဒေါက်တာဦးအောင်ကြီး၏ အပျော်အပါးအန္တရာယ်၊ လေဘေးသင့်ဒေသများ၌ ယူနီဆက်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ နေပြည်တော် မင်းပြင်မွေးမြူရေးဇုန် မြေဧကများလျှောက်ထားနိုင်၊ တူရကီနိုင်ငံ၌ တရားမဝင်နိုင်ငံခြားသားများ ကားအတွင်း မွန်းကျပ်သေဆုံး၊ စစ်တကောင်းဒေသတွင် တောဆင်ရိုင်းများအန္တရာယ်ပြုနေ၊ ဖားကန့်ကျောက်စိမ်းတွင်း မြေပြိုမှုဖြစ်ပွား၊ အစ္စရေးက အီရန်စစ်ပွဲကို စတင်နိုင်ကြောင်း အိုဘားမားပြောကြား၊ ရုရှားဒုံးပျံများက အီရန်-အစ္စရေး စစ်ပွဲစတင်မည်လော စသည့်ဖတ်ဖွယ်မှတ်ရာများဖြင့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများပါရှိသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့နံနက်တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

သံတွဲခရိုင်အသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၄

သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ) ဗုဒ္ဓဘာသာဝင် အသင်းသူ၊ အသင်းသားများ၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်) ဩဂုတ် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ရတနာလမ်းရှိ 'အဘယာရာမ' ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် သီတင်းသုံးကျောင်းထိုင်လျက်ရှိသော သံတွဲခရိုင်ဇာတိဖွား ဆရာတော် သံဃာတော် ၆၅ပါးတို့အား သင်္ကန်း ဒွိစုံ၊ ဝတ္ထုငွေနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

သံတွဲခရိုင်သူ ခရိုင်သားများ စေတနာရှင်များနှင့် ဗုဒ္ဓဘာသာဝင် အသင်းသူ၊ အသင်းသားမိသားစုများသည် သင်္ကန်းဒွိစုံ၊ ဆွမ်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို အသင်းဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ၀၉-၅၁၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉-၅၁၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ၀၉-၅၁၃၆၄၀၁၊ အတွင်းရေးမှူး(၂) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉-၅၁၁၂၃၀၇၊ အတွင်းရေးမှူး(၃) ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ စာရင်းစစ် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ စာရင်းစစ် ဦးမြင့်ဆွေ ဖုန်း-၅၄၈၈၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် တက်ရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၇)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၄

ယခုတစ်ပတ်ထုတ် ဂျာနယ်အမှတ်(၆၂၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၁၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

ဂျာနယ်တွင် အရှေ့အာရှ ၁၆နိုင်ငံ စွမ်းအင်ဖူလုံရေးပူးပေါင်းဆောင်ရွက်မည်၊ ရန်ကုန်မှ နှစ်လသားကလေးငယ်အား ခိုးယူထွက်ပြေးသွားသူကို မန္တလေး၌ ဖမ်းမိ၊ မင်းသားတွေက မင်းသမီးလိုကပြီး မင်းသမီးတွေက လူရွှင်တော်လုပ်ကြမည့်ပွဲ၊ ဂျိမ်းစ်ဘွန်းမင်းသားက ရေလုပ်ငန်းပြန်လည်ထူထောင်ရန် လှေများလှူဒါန်း၊ သားအိမ်ခေါင်းကင်ဆာအတွက် မြန်မာနိုင်ငံတွင်ကာကွယ်ဆေးထိုးနိုင်ပြီ၊ FAME နှင့် တောင်ကိုရီးယားဆေးကုမ္ပဏီတို့ပူးပေါင်း၍ ကမ္ဘာ့ဈေးကွက်သို့ဆေးများတင်ပို့မည်၊ မြန်မာတစ်နိုင်ငံတည်း၌သာ တွေ့ရသည့် စိမ်းဖြူစဉ့်များပြည်ပသို့တင်ပို့မည်၊ ခေါ်နွန်းမြန် ကမ်းရိုးတန်းဖုန်းများ ယခုထက်ပိုမိုတိုးချဲ့ ခေါ်ဆိုလာနိုင်မည်၊ ရမည်းသင်းမြို့နယ်မှ မွေးရာပါလက်နှစ်ဖက်မပါသောကလေး စက်ဘီးစီးပြီး ကျောင်းတက်ခဲ့ရာ ပဋ္ဌမတန်းသို့ရောက်ပြီ၊ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရန် ကမ္ဘာ့ဘဏ်ကထောက်ပံ့မည်၊ ခရီးဆောင် သေတ္တာထဲမှ လူပုကလေးထွက်လာသဖြင့် လေဆိပ်တွင် အလုပ်ရှုပ်သွား၊ ကမ္ဘာ့အကြီးဆုံးတိုက်ကြီး နှစ်တိုက်ကို ဆက်သွယ်ပေးမည့် တံတားကြီးကို အိုစမာဘင်လာဒင်၏ညီက တည်ဆောက်ပေးမည်၊ ကမ္ဘာ့ပထမဆုံး ဂျက်အင်ဂျင်တပ် ကျောပိုးအိတ်လူပျံစက်တီထွင်၊ သက်ဆင်၏ဇနီး ထောင်ဒဏ် သုံးနှစ်အပြစ်ပေးခံရ စသည့်စိတ်ဝင်စားဖွယ်သတင်းများ၊ ပါဝင်နေကျကဏ္ဍမျိုးစုံနှင့် ဆရာကြီးမင်းသိခ်ကွယ်လွန်ပြီး နောက်ဆက်တွဲ သတင်းဓာတ်ပုံ အပြည့်အစုံတို့ကို မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ထည့်သွင်း ဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်လည်းထား အကျင့်လည်း ပြောင်းစေချင်

ရဲရင့်တင့်ဆွေ

ကျွန်တော်တို့ ငယ်စဉ်ပညာသင်ကြားရာ၌ အရပ်မျက်နှာများကို အမှတ်ထားသင်ကြားခဲ့ကြရသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်မှာ မသိပါသော ကုဋေရှစ်ဆယ်သူဌေးသားသည် အရပ်မျက်နှာကိုပင် ခွဲခြားမှတ်သားနိုင်စွမ်းမရှိသဖြင့် စည်းစိမ်ဥစ္စာအားလုံး ပြုတ်ပြုတ်ပြုန်းခဲ့ရသည်။ ဒီတော့နေထွက်ရာအရပ်ကို မျက်နှာမူပါ၊ လက်နှစ်ဖက်ကို ဆန့်တန်းပါ၊ နေထွက်ရာအရပ်သည် အရှေ့၊ နေဝင်ရာအရပ်သည် အနောက်၊ လက်ဝဲဘက်သည် မြောက်၊ လက်ယာဘက်သည် တောင် အရပ်ဟူ၍ သင်ကြားကြရသည်။ တစ်နည်းအားဖြင့် အမှတ်ထားကြရသည်။ **အမှတ်ဆိုသည်မှာ စိတ်၌မှတ်သားခြင်း၊ စိတ်၌ စွဲထင်ချက်**ဟူ၍လည်း မြန်မာအဘိဓာန် အကျဉ်းချုပ်ကဆိုပါသည်။

ဤနေရာတွင် ကျွန်တော်တစ်ခု စဉ်းစားမိသည်။ ယခုအချိန်၌ နေထွက်ရာအရပ်ကို အနောက်၊ နေဝင်ရာအရပ်ကို အရှေ့ဟု ပြောင်းလဲမှတ်သားကြရမည် ဆိုပါစို့။ ယခုမှ စတင်ပညာသင်ကြားကြရမည့် ကလေးအရွယ် သူငယ်များအဖို့ ဤသို့မှတ်ယူရသည်ကို ခဲယဉ်းမည်မဟုတ်ဟု ထင်ပါသည်။ သို့သော်လည်း နေထွက်ရာအရပ်ကို အရှေ့ဟု မှတ်သားခဲ့ပြီးသော၊ အမှတ်ထားခဲ့ကြသော လူပုဂ္ဂိုလ်အားလုံးတို့အတွက်မူ ပြောင်းလဲအမှတ်ထားရန် အတော်ပင်ခက်ခဲပါလိမ့်မည်။ အချိန်ကာလတစ်ခုကို ရောက်ရှိသွားလျှင်တော့ ပြေလည်သွားပါလိမ့်မည်။ ယင်းအချိန်ကာလမှာ နေထွက်ရာအရပ်ကို အနောက်ဟု ပညာသင်ကြားခဲ့ကြရသော ကလေးများ၏ ခေတ်ရောက်မှသာ ကောင်းစွာ အဆင်ပြေပြေကောင်းပြေမည် ဖြစ်သည်။ ယင်းအချိန်သို့ မရောက်မချင်း နေထွက်ရာအရပ်ကို အရှေ့ဟု အမှတ်ထားကြသော မျိုးဆက်များနှင့် နေထွက်ရာအရပ်ကို အနောက်ဟု အမှတ်ထားကြသည့် မျိုးဆက်သစ်များကြားတွင် ဝိရောဓိပဋိပက္ခကတော့ ရှိနေဦးမည်။ သို့သော်လည်း အမှတ်ဆိုသည်မှာ သင့်တော်သော အချိန်ကာလတစ်ခုကိုရောက်လျှင် ပြောင်းလဲသွားနိုင်ကြောင်း တွေ့ရှိရပါသည်။

နောက်တစ်ခုမှာ မောင်ရုပ်ဆိုးဆိုသူတစ်ဦးကို မောင်လူချောအဖြစ် ဘဝပြောင်းပေးရန်ဖြစ်သည်။ မချောမွေ့သော ရုပ်ဆင်းအင်္ဂါအားလုံးကို ချောမွေ့အောင်၊ ကြည့်ကောင်းအောင် ပြုပြင်ဖန်တီးပေးမည်။ မည်းနေသော အသားအရောင်ကို ဖြူအောင်ပြောင်းလဲပစ်မည်။ အဝတ်အစားအဆင်အယင်အားလုံးကိုလည်း အသစ်ဆောင်ရွက်ပေးမည်။ သို့ဆိုလျှင် မောင်ရုပ်ဆိုးကား လူအများအမြင်၌ မောင်လူချောတစ်ယောက်ဖြစ်ပေတော့မည်။ သို့သော်လည်း ထို့ထက်အရေးကြီးသည်မှာ အကျင့်ဖြစ်သည်။ မောင်ရုပ်ဆိုးဘဝဖြင့် ပေပေတေတေနေသော၊ ညစ်ပတ်ပွဲရွဲ့သော အလေ့များကို မပြင်နိုင်က လူချောဟူသော အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို မည်သို့မျှ မရနိုင်ပေ။ အကျင့်ကို ပြင်မှသာ မောင်လူချောဘဝကို အမှန်တကယ်ရရှိမည်ဖြစ်သည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်က အကျင့်ကိုကြိမ်ဖန်များစွာပြုလုပ်ပြောဆိုမှုကြောင့် စွဲမြဲနေသော အလေ့၊ ကိုယ်ကျင့်တရား၊ သီလဟုဆိုသည်။ ထို့ကြောင့် အကျင့်ကို ပြင်ဖို့ဆိုသည်မှာ လူတွေအတွက် အလွန်ပင်ခဲယဉ်းပါလိမ့်မည်။ အကျင့်သည် အမှတ်ကဲ့သို့ အချိန်ကာလတစ်ခုအရောက်၌ ဗြုန်းဘသာဗြုန်း ပြေလည်ပြောင်းလဲသွားမည့်သဘောမရှိပေ။ အမှန်တကယ် လိုက်နာဆောင်ရွက်မှသာ၊ အကြိမ်ကြိမ် အဖန်ဖန် စွဲမြဲလိုက်နာမှသာ ရလာနိုင်သော အရာမျိုးဖြစ်သည်။ ထို့ကြောင့် အကျင့်ကောင်းတစ်ခု စွဲမြဲရရှိဖို့ရန်အတွက် လိုက်နာလုပ်ဆောင်မည့်သူကယုံကြည်ချက်အပြည့်အဝရှိရမည့်အပြင် အမှန်တကယ်လည်း အားထုတ်ဆောင်ရွက်မှသာ ရရှိနိုင်လိမ့်မည် ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် ကျွန်တော်တို့ မျိုးဆက်များသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေကြပြီ ဖြစ်သည်။ ကျွန်တော်၏အသက်ကို စိတ်ပိုင်းကြည့်ပါက ဆိုရှယ်လစ်ခေတ်တွင် ၅၅ ရာခိုင်နှုန်းနှင့် အသွင်ကူးပြောင်းရေးခေတ်တွင် ၄၅ ရာခိုင်နှုန်း ရှိနေပါသည်။ ငယ်စဉ်က ဆိုရှယ်လစ်လူ့ဘောင်သို့ မရောက်ရောက်အောင်ချီတက်ပါမည်ဟု အမှတ်ထားခဲ့သကဲ့သို့ ၎င်းနှင့်ကိုက်ညီသည့် အကျင့်များကိုလည်း အားထုတ်ကျင့်ကြံခဲ့ရသည်။ ယင်းနောက်မှာတော့ ခေတ်နှင့် အံဝင်ခွင်ကျ မရှိတော့သဖြင့် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဒီမိုကရေစီပြည်ထောင်စုနိုင်ငံသို့ အသွင်ကူးပြောင်းခဲ့သည်။ ဤသို့ အသွင်ကူးပြောင်းရေး ဆောင်ရွက်လာခဲ့သည်မှာ ယခုနှစ် ၂၀ ခရီးပေါက်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဒီအခေါ်အဝေါ်၊ ဒီနာမည်တို့အတွက် အမှတ်သည် ကျွန်တော်တို့မျိုးဆက်အတွက် ပြဿနာမရှိတော့ဟု ယုံကြည်ပါသည်။ ခေတ်သစ်လူငယ်များအတွက်မူ ဤအမှတ်မှာ ပို၍ပင် သင့်လျော်မှုရှိလာပါလိမ့်မည်။

သို့သော်လည်းတစ်ဖက်တွင်မူ အမည်သစ်နှင့် လိုက်လျောညီထွေဖြစ်မည့်စနစ်နှင့်အကျင့်တို့ ဖြစ်ပေါ်လာရန်မှာ အထူးအရေးကြီးပါ သည်။ အမှန်တွင်တော့ စနစ်နှင့်လိုက်လျောညီထွေရှိရမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြီးဖြစ်သည့်အပြင် ကျွန်တော်တို့ လူထုတစ်ရပ်လုံးကလည်း တစ်ခဲနက် ထောက်ခံခဲ့ကြပြီးဖြစ်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လိုက်ဖက်ညီသဟဇာတဖြစ်စေမည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း အချောမွေ့ဆုံးဖြစ်အောင် ပြင်ဆင်ရေးဆွဲလျက်ရှိကြသည်။ **မကြာမီနှစ်အနည်းငယ်အတွင်း ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကိုလည်း ကျင်းပတော့မည်ဖြစ်သည်။ အထက်ပါ အရာအားလုံး အကောင်အထည်ပေါ်လာချိန်တွင် ကျွန်တော်တို့အားလုံး ဒီမိုကရေစီ နိုင်ငံသူ၊ နိုင်ငံသားတွေဖြစ်ကြပြီဟု မှတ်ယူစရာရှိသည်။ သို့သော်လည်း ဒီမိုကရေစီဟူသော နာမည်ကို ခံယူရုံ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိရုံဖြင့် ကျွန်တော်တို့ ကိုယ် ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံသူ၊ နိုင်ငံသားများဟု အမှတ်မှားလျှင် ခက်ကြပေလိမ့်မည်။ မျက်မှောက်ကာလတွင် ကျွန်တော်တို့ အမှန်တကယ် ပြုပြင်ပြောင်းလဲအားထုတ်ကျင့်ကြံကြရမည်မှာ ဒီမိုကရေစီနည်းနာနှင့် အလေ့အထများ၊ အကျင့်စရိုက်များပင် ဖြစ်ပေတော့သည်။**

စနစ်နှင့်လိုက်လျောညီထွေဖြစ်မည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တစ်စထက်တစ်စ ပြောင်းလဲလာတော့မည့်ခေတ်ကို အပြစ်မမြင်ကြဖို့လိုသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာအဖြာဖြာတွင် စနစ်သစ်ကြောင့် ကြီးမားစွာ ပြောင်းလဲရမည် ဖြစ်သကဲ့သို့ ယင်းအပြောင်းအလဲများအတွက် ကျွန်တော်တို့အားလုံး ကြိုတင်အကျင့်ရနေဖို့လိုအပ်ပါလိမ့်မည်။ ပါတီစုံဒီမိုကရေစီခေတ်တွင် မိမိကြိုက်နှစ်သက်သောလူပုဂ္ဂိုလ်နှင့်ပါတီကို အစိုးရအဖြစ် ရွေးချယ်ခွင့်ရသည့်နည်းတူ မိမိရွေးချယ်လိုက်သော အစိုးရပြုသမျှကို နုရမည့်အဖြစ်ကိုလည်း သတိရှိကြဖို့လိုသည်။ တစ်စုံတစ်ခုဆိုသည်နှင့် အစိုးရကို အပြစ်ပုံလိုသော၊ အစိုးရကိုသာ အားကိုးလိုသော၊ အစိုးရတွင်သာ တာဝန်ရှိသည်ဟုထင်သော ကျွန်တော်တို့၏ အကျင့်စရိုက်များကို ပြောင်းလဲကြဖို့သင့်ပြီဖြစ်သည်။

နိုင်ငံရေး၌ အစိုးရလုပ်သမျှ အကြောင်း မကောင်းဟူသော အတိုက်အခံအကျင့်၊ စီးပွားရေး၌ သဘာဝဘေးအန္တရာယ်ခံရချိန်တွင်ပင် ပြည်သူ၊ ပြည်သား အချင်းချင်းအပေါ် ဘယ်သူသေသေ ငတေမာ ပြီးရော လောဘစိတ်ထားသည့် ဝိသမစီးပွားအကျင့်၊ ဝတ်စား ဆင်ယင်ပုံကအစ အနေအထိုင် ဓလေ့စရိုက်အဆုံး မကောင်းသည်ကို သာ အတုမြင်အတတ်သင်တတ်သည့် တိုင်းတစ်ပါး အထင်ကြီးမှုများသာ ဖုံးလွှမ်းနေသော လူမှုစရိုက်အကျင့် စသည့် ကျွန်တော်တို့၏ တစ်ဦးချင်း အကျင့်များကို အမြန်ဆုံး ပြင်ဆင်သင့်ကြပြီဖြစ်သည်။

တကယ်တော့ **အမှတ်**ဆိုသည်မှာ အချိန်ကာလတစ်ခုပေးလျှင် တဖြည်းဖြည်းချင်း အလိုလို ပြောင်းလဲ၍ ရနိုင်ပါသည်။ **အကျင့်** ဆိုသည်ကိုတော့ ပြောင်းလဲဖို့ရာမှာ အမှန်တကယ် ကြိုးစားလိုက်နာကျင့်ကြံအားထုတ်မှသာ ဖြစ်ပါလိမ့်မည်။ သို့မဟုတ်ပါက နေထွက်ရာအရပ်ကို အရှေ့နှင့်အနောက် ပြောင်းလဲအမှတ်ထားရုံသာရှိသကဲ့သို့ ဖြစ်မည်ဖြစ်ပြီး နေကမူ တစ်နေရာတည်းကသာ ထွက်နေကျထွက်မြဲအတိုင်း ထွက်ပေါ်နေမည်သာဖြစ်ပါတော့သတည်း။ ။

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ်၌ (၇၃)ကြိမ်မြောက် ဝါတွင်းတရားစခန်းပွဲကို သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏အာဓိကမ္မိက၊ ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယ၊ ပရိယတ္တိမာမက၊ ပဋိပတ္တိဝိသာရဒ၊ ပဋိပတ္တိသာသနာ့ဟိတရေဘွဲ့ရကျမ်းပြုပုဂ္ဂိုလ် ဆရာကြီး ဦးကြည်၏ ဥပနိဿယ အတိုင်းမဟာသတိပဋ္ဌာန်(ဓမ္မာနုပဿနာ) တရားတော်များကိုဆရာကြီး၏ အန္တေဝါသိကလက်ရင်း သားတပည့်ကြီးဖြစ်ပါသော ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာ ဦးသိန်းဆွေ (ဓနုဖြူ) နှင့်အရန်တရားဟောဓမ္မကထိကများက မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပါဠိတော် အဋ္ဌကထာများ၏အဆိုအမိန့် ဆုံးဖြတ်ချက်များနှင့်အညီ ဩဂုတ်၁၀ ရက်မှ ၁၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသပေးမည်ဖြစ်ပါ၍တရားစခန်းဝင်လိုသူ ယောဂီများသည် ဩဂုတ် ၉ရက်နေ့ ညနေ၅နာရီအရောက် ဝင်ရောက်ကြရန်နှင့် နာယက ဦးအေးကို ဖုန်း-၀၁-၆၆၂၂၈၀၊၀၁-၆၆၀၀၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၅၀၃၈၅၈၃၊ ဘဏ္ဍာရေးမှူး ဦးမျိုးညွန့် ဖုန်း-၀၁-၆၆၀၈၃၃နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးစန်းယု ဖုန်း-၀၁-၆၆၄၆၉၇၊ ၀၉-၅၀-၄၀၁၃၄ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက် အတွင်း၌ ဖွင့်လှစ်ထားရှိသော ရန်ကုန်-ဗုဒ္ဓတက္ကသိုလ်မှ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ်တွင် B.A(Indo-Aryan၊ ဘာသန္တရဆေက-ဓမ္မာစရိယ)ဘွဲ့ကိုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အတန်းအသီးသီးတွင် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ်ပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင် လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၉၂)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာ သဒ္ဒါ မြတ်ကျမ်းစာ(၅)
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြား တေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း အပိုင်း(၁၅)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြံခင်း-သရက်အပိုင်း ရထားလမ်း ဖောက်လုပ်မှုစစ်ဆေး သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အမြန်အကောင်အထည်ဖော်ရန် မှာကြား

နေပြည်တော် ဩဂုတ် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းစီမံကိန်း ကြံခင်း-သရက်အပိုင်း ဥသျှစ်ပင်ဘူတာ ရှင်းလင်းဆောင်သို့ရောက်ရှိသည်။

ထို့နောက် ကြံခင်း-သရက် အပိုင်း စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းက ကြံခင်း-သရက် လမ်းပိုင်းမိုင် ၁၁၀ ကို ကြံခင်း-ဥသျှစ်ပင်၊ ဥသျှစ်ပင်-ကံမ၊ကံမ-သရက်ဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ ဦးစားပေးအလိုက် ၂၀၀၆ ခုနှစ် ဩဂုတ်၁ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း မိုင် ၄၀ ကို ၂၀၀၈ ခုနှစ် မတ် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဥသျှစ်ပင်-ကံမ အပိုင်း ၃၅ မိုင်ကိုလည်း ၂၀၀၈ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ မြေသားတာပေါင် ၃၄ ဒသမ ၉၃ မိုင် ပြီးစီးခဲ့ပြီး ဆောင်ရွက်ရန် ဝဒသမ ဝ၇ မိုင်သာ ကျန်ရှိကြောင်း၊ တံတားကြီး/ငယ် ၁၈၅ စင်းရှိပြီး ပေ ၄၀ နှင့်ပေ ၁၈၀ ကြား တံတားနှစ်စင်း၊ ပေ ၅၀၀နှင့် ပေ ၁၀၀၀ ကြား တံတားတစ်စင်းမှာ ဆောင်ရွက်ဆဲ ဖြစ်ကြောင်း၊ သံလမ်းခင်းခြင်းလုပ်ငန်းအပိုင်းတွင် သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ၁၃ မိုင်၊ သံလမ်းအချောခင်းခြင်း လုပ်ငန်း ၁၁ မိုင် ဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ဥသျှစ်ပင်-ကံမ အပိုင်းတွင် ဘူတာခြောက်လုံးရှိသည့်အနက် သဲကောဘူတာနှင့် ပန်းတောင်း(နတ်မောက်ဘူတာ)တို့မှာ တည်ဆောက်ပြီးဖြစ်၍ ကျန်ဘူတာများ တည်ဆောက်ဆဲဖြစ်ကြောင်း၊ ကံမ-သရက်အပိုင်း ၃၅ မိုင်ကို ၂၀၀၇ခုနှစ် ဇွန် ၂၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး မြေသားတာပေါင် ၃၂ ဒသမ ၅မိုင် ပြီးစီးခဲ့ပြီး ၂ဒသမ၅မိုင်မှာ ဆောင်ရွက်ဆဲ ဖြစ်ကြောင်း၊ တံတားကြီး/ငယ် ၁၅၅ စင်းရှိသည့်အနက် တံတား ၅၈ စင်းမှာ ဆောင်ရွက်ပြီးစီးပြီး တံတား ၁၅ စင်းမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ကျန် ၈၂စင်းကိုလည်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ကြံခင်း-သရက် လမ်းပိုင်းကို သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းနှင့်အညီ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် RBEအထူးရထားဖြင့် ဥသျှစ်ပင်-ကံမလမ်းပိုင်းရထားလမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ဥသျှစ်ပင်ဘူတာနှင့် သဲကောဘူတာအကြား အရှည်ပေ၅၁၀ရှိဘူးရိုးချောင်းတံတားကို RBE အထူးရထားဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ရထားလမ်းဘေးဝဲယာတစ်လျှောက်တွင် မြေသားတာပေါင်ထိန်းရန် ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သဲကောဘူတာအနီး သံလမ်းခင်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး ပန်းတောင်း(နတ်မောက်) ဘူတာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြံခင်း-သရက် ရထားလမ်းပိုင်းပြီးစီးသွားပါကဧရာဝတီတိုင်း ပုသိမ်မြို့မှ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်း (သရက်မြို့)အထိ ရထားဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း သဲကောဘူတာအနီး သံလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ...

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် အနိုင်ရဗိုလ်စွဲသွားသည့် ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဗိုလ်စွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၄

၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၃ရက် ညနေ ၃နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ ပြိုင်ပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းအနိုင်ရ

ရန်ကုန်တိုင်းအသင်း တစ်ဂိုး (သီတာကြည်)

မန္တလေးတိုင်းအသင်း ဂိုးမရှိ

အကောင်းဆုံးဆု ခင်မာလင်း (မန္တလေး)

ဒိုင်လူကြီး ဒေါ်အေးအေးမူ

ရန်ကုန်တိုင်းအသင်းသည်မန္တလေးတိုင်းအသင်းကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိပြီး လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းသွားသည်။ နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားခဲ့ရာ ပွဲမှာအကြိတ်အနယ် ရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ မန္တလေးတိုင်းအသင်း၏ ကစားပုံမှာ အကြိုဗိုလ်လုပွဲထက်ပိုမိုကောင်းမွန်ခဲ့ပြီး ရန်ကုန်ဘက်ကို တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ဂိုးမရခဲ့၍ ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။

လေးနှစ်ဆက်တိုက်

ရန်ကုန်တိုင်း အသင်းမှာ ၇၁ မိနစ်တွင် သီတာကြည် သွင်းယူသော အနိုင်ဂိုးဖြင့် ဗိုလ်စွဲသွားပြီး ပထမဒိုင်းဆုကြီးကို လေးနှစ်ဆက်တိုက်နှင့် (၁၀)ကြိမ်မြောက် ဆွတ်ခူးရရှိသွားခဲ့သည်။ ထို့ပြင် သုံးနှစ်ဆက်တိုက် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်ဖြင့်ပါ တံခွန်စိုက်ဒိုင်းကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသန့်ရှင်းဆုံး

(၁၃)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း အမျိုးသမီး အလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပထမ၊ မန္တလေးတိုင်းကဒုတိယ၊ဧရာဝတီတိုင်းက တတိယ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က စတုတ္ထနှင့် အသန့်ရှင်းဆုံးအသင်းဆုကို မန္တလေးတိုင်းအသင်းက ရရှိသွားသည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုများကို ဂိုးသမား ဖြူဖြူသင်း(ရန်ကုန်)၊ နောက်တန်း နန်းနှင်းနှင်းထွေး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အလယ်တန်း ငြိမ်းငြိမ်းအိ(ရန်ကုန်)၊ရှေ့တန်းရီရီဦး(မန္တလေး)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဆုကို အေးအေးမာ (မန္တလေး)တို့က ရရှိသွားသည်။ (ကြေးမုံ)

STI Education နှင့် SIMM, Singapore ပူးပေါင်း၍ ပညာသင်ဆုချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၄

STI Education သည် စင်ကာပူနိုင်ငံရှိ Singapore Institute of Materials Management(SIMM) နှင့် ပူးပေါင်း၍ Bachelor of Design သင်တန်းအတွက် ထူးချွန်သော မြန်မာကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုငွေ စင်ကာပူဒေါ်လာ တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

SIMM သည် Australia နိုင်ငံအခြေစိုက် Edith Cowan University (ECU)နှင့် စင်ကာပူနိုင်ငံအခြေစိုက် International School of Design & Technology (ISDT)တို့ ပူးပေါင်း၍ ကမ္ဘာတစ်ခွင်တွင် ရေပန်းစားပြီး အလုပ်အကိုင်အခွင့်အလမ်း ပေါများသည့် ဒီဇိုင်းပညာရပ်ကို စင်ကာပူနိုင်ငံ SIMM ၌ သင်ကြားပေးလျက်ရှိသည်။

SIMM, Singapore (သို့မဟုတ်) ECU, Australia တွင် ဒုတိယနှစ်နှင့် တတိယနှစ် ဆက်လက်ပညာ ဆည်းပူးကာဩစတြေးလျဒီဂရီရသည်အထိ သင်ကြားနိုင်ကြောင်းသိရှိရသည်။

ECU ကို Western Australia, Perth မြို့၌ ၁၉၀၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့၍အစိုးရပိုင်တက္ကသိုလ်တစ်ခုဖြစ်သည်။ ယခုအခါ ယင်းတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာ ကျောင်းသားများအပါအဝင် ကျောင်းသား စုစုပေါင်း ၂၅၀၀၀ ခန့် ပညာရပ်ပေါင်းမျိုးစုံ သင်ကြားပို့ချလျက်ရှိပြီး သင်ကြားသည့် ဘာသာရပ်ပေါင်း ၃၀၀ ကျော်ရှိသည်။

ဒီဇိုင်းပညာရပ်ကို အခြေခံအားဖြင့်သုံးမျိုးခွဲခြားထားရာ ယင်းတို့မှာ Communication, Interior/ Exterior နှင့် Multimedia ဒီဇိုင်းတို့ဖြစ်ပြီး ဒီပလိုမာအတွက် တစ်နှစ်၊ အဆင့်မြင့်ဒီပလိုမာအတွက်တစ်နှစ်နှင့် နောက်ဆုံးနှစ်တစ်နှစ် စုစုပေါင်း သုံးနှစ် ဆည်းပူးနိုင်သည်။ သင်ကြားရမည့် ပညာရပ်များမှာ Design and Communication, Design Principal and Color Theory, Sketch Art, Digital Photography, Creative Writing, Packaging Forms and Graphics, Book Illustration, Advertising, Product Design, Animation and Games, Video Fundamentals and Editing, Motion Graphics and Visual Effects, Animation, Digital Architecture Drafting Building Services, Design Studio-Commercial, Hospitality, Exhibition တို့ဖြစ်သည်။

ဒီဇိုင်းပညာ၌ ဆက်သွယ်ရေးနည်းပညာဒီဇိုင်း၊ အရေးအသားဆိုင်ရာ ဒီဇိုင်း (ပိုစတာ၊လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်)၊ ကြော်ငြာဒီဇိုင်း၊ ထုတ်ကုန်ဒီဇိုင်း၊ ရုပ်ပြပညာ၊ အတွင်း၊ အပြင် ဗိသုကာ ပညာတို့ပါဝင်သည်။

ဒီဇိုင်းပညာဒီပလိုမာ (သို့မဟုတ်) ဘွဲ့ရရှိသူများသည် ရုပ်ရှင်၊ ဗီဒီယိုပြကွက် ဖန်တီးခြင်း၊ ဗီဒီယိုထုတ်လုပ်ခြင်း၊ဗီဒီယိုတည်းဖြတ်ခြင်း၊ အိမ်တွင်းအလှဆင်ဖန်တီးခြင်း၊ ပြပွဲဒီဇိုင်းဖန်တီးခြင်း၊ပရိဘောဂအသုံးအဆောင်ဖန်တီးခြင်း၊ Logo ဒီဇိုင်း၊ ဝက်ဘ်ဆိုက်ဒ်ဒီဇိုင်းဖန်တီးခြင်းတို့ကိုဆောင်ရွက်နိုင်သည်။

ယခုအခါ STI Education သည် ကျောင်းသား လူငယ်များအား ပြုစုပျိုးထောင်ပေးလျက်ရှိရာ ထူးချွန်ကျောင်းသား ၂၀အား ရွေးချယ်၍ ကျောင်းလခ၏ ၅၀ ရာခိုင်နှုန်းကို ပညာသင်ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများသည် STI Education တည်ရှိရာ အဆောင်(၄)၊ အခန်း(၇) မြန်မာအင်ဖိုတက်နှင့် အမှတ် ၃၇၇ ရွှေဘုံသာလမ်း ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈၊ ၅၀၇၀၄၆၊ ၅၀၇၁၅၁ တို့သို့ ဩဂုတ် ၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

စိန္တာရာမကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၄

ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် အာဇာနည်လမ်းရှိ စိန္တာရာမ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့် စာချ၊စာသင် သံဃာတော်အရှင်မြတ်အပါး ၅၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၉ ရက်) ဩဂုတ် ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် စေတနာရှင် ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ ကြွရောက်ကြည်ညိုကုသိုလ်ယူကြရန်နှင့် သင်္ကန်းဒွိစုံတစ်စုံလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကျောင်းတိုက် ဖုန်း-၃၇၅၇၉၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ

World Breastfeeding Week

(1-8-2008 to 7-8-2008)

Mother Support: Going for the Gold!

"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"

ကျန်းမာရေးဝန်ကြီးဌာန

အမှာစကား ပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနား တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

❀ **ကျောဖုံးမှ**

အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် (World Breastfeeding Week) လှုပ်ရှားမှုများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၀၈ ခုနှစ်တွင် (၁၅)ကြိမ်မြောက် မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှုကို ယနေ့ကျင်းပခြင်းဖြစ်ကြောင်း။

၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ် ဩဂုတ်၁ရက်မှ၇ရက်အထိ ရက်သတ္တပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းတွင် အခမ်းအနားအမျိုးမျိုး၊ လှုပ်ရှားမှု အဖုံဖုံဖြင့် ဂုဏ်ပြုကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင်လည်း အစဉ်အလာမပျက် နှစ်စဉ်ဆက်တိုက် ကျင်းပခဲ့ရာ ယနေ့ကျင်းပသည့် အထိမ်းအမှတ် အခမ်းအနားတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဆောင်ပုဒ်တစ်ခု ရွေးချယ်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို ကျင်းပလေ့ရှိရာ ယခုနှစ်ဆောင်ပုဒ်သည် Mother Support:Going For The Gold! ဖြစ်ပြီး မြန်မာဘာသာဖြင့် **"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဟူ၍ ပြန်ဆို သတ်မှတ်ထားကြောင်း။

လက်တွဲညီညီဆောင်ရွက်

ပြည်သူလူထုအတွင်း မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ယနေ့ကြွရောက်လာကြသည့် ကျန်းမာရေးနှင့် နှီးနွှယ်သည့် ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်း၍ လက်တွဲညီညီဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း။

နှစ်စဉ် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ရက်သတ္တပတ်လှုပ်ရှားမှုများ စည်ကားအောင်မြင်စွာ ဆောင်ရွက်နိုင်အောင် ကူညီပံ့ပိုးပေးနေသည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကျန်းမာသန်စွမ်းကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွက်လာစေရေးကို သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့ကြွရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကပါ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လက်တွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးက နှီးနွှယ်ရာ ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီဦးဆောင်မှုများအတိုင်း မိခင်နှင့်ကလေးများကို ဦးတည်ချက်ထားကာ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုများပေး၍ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးကို အဓိက ဦးစားပေးပြီး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မိခင်များအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး၏ ပညာရည်အဆင့်အတန်း မြင့်မားပြီး ကျန်းမာရေးအသိပညာ ရှိကြရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေဖြင့် ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းများနှင့်လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များကို မိမိတို့၏စေတနာ့ဝန်ထမ်း မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက အသင်းကြီး၏ရည်ရွယ်ချက်အတိုင်း မြို့ပေါ်တွင်သာမက ကျေးလက်ဒေသများပါမကျန် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင်အသင်း၏ လုပ်ငန်းများကိုစေတနာဖြင့် ဆောင်ရွက်ပေးနေသော အသင်းဝင်ပေါင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၉ဒသမ ၉သန်းကျော် အင်အားရှိပြီး ပြည်သူလူထုအတွင်း စိမ့်ဝင်ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် တစ်မျိုးသားလုံး ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် စီမံကိန်း၊ စီမံချက်များကို စနစ်တကျရေးဆွဲအကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိရာတွင် မိခင်နို့စနစ်တကျ တိုက်ကျွေးရေးကိုလည်း စီမံချက်တစ်ခုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

ထိုစီမံချက်ကို မိမိတို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အနေဖြင့်လည်း တစ်တပ်တအားပါဝင်ပြီး အမျိုးသမီးများ၊ မိခင်များက မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးကဏ္ဍတွင် ပါဝင်လိုက်နာကျင့်သုံးစေရန်အတွက် ဝိုင်းဝန်းပညာပေး စည်းရုံးဆောင်ရွက်ပေးလျက်ရှိကြောင်း။

မွေးကင်းစအချိန်ကစ၍ ကလေးငယ်များကို မိခင်နို့တစ်မျိုးတည်းသာ စနစ်တကျတိုက်ကျွေးပါက ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးငယ်ပေါင်း ၁ဒသမ၅သန်းကို ကယ်တင်နိုင်မည်ဟု ဆိုထားကြောင်း။

ဖြည့်ဆည်းပေးရာရောက်

မိခင်နို့ စနစ်တကျတိုက်ကျွေးမှုကို တိုးမြှင့်ကျင့်သုံးစေခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် အလွယ်ကူဆုံးနှင့် အကျိုးရှိဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် လယ်ဝေး၊ နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များကို ယခုအခမ်းအနားအပြီးတွင် အသိပညာပေးဟော ပြော၍ သရုပ်ပြသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာ ရရှိသွားသော သူများသည်လည်း ထပ်ဆင့်အသိပညာဖြန့်ဖြူးပေးကြရန် မှာကြားလိုကြောင်း၊ သို့မှသာ ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် **"မိခင်နို့စနစ် တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဆိုသည့် အနှစ်သာရကို ဖြည့်ဆည်းပေးရာရောက်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အခမ်းအနားသို့တက်ရောက်လာကြသည့် ဂုဏ်ထူးဆောင်နာယကကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်တကွ ဧည့်သည်တော်များ အားလုံးတို့အားလည်းကောင်း၊ အခမ်းအနားဖြစ်မြောက်ရေးအတွက်ဝိုင်းဝန်းကူညီပေးသော UNICEF အဖွဲ့အစည်းကိုလည်းကောင်း၊ မိမိတို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်များအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် တာဝန်ရှိသူများက အိုင်အိုဒင်းဆား၊ အားဆေးနှင့်အနှီးပိတ်များကို ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တ ပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်/တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ကျန်းမာပညာဌာန၊ အာဟာရဌာန၊ ကလေးအထူးကုဌာနနှင့် သားဖွားမီးယပ်ဌာနတို့မှ အသိပညာရှင် ဆရာဝန်ကြီးများက နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ်တို့မှ အဖွဲ့ဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင် စုစုပေါင်း ၈၀တို့အား မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ အသိပညာပေး ဗဟုသုတများကို ဟောပြောဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မေတ္တာတရားလူ့စွမ်းအား"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇း၅၅ - ၁း၅၅	မိုးကြယ်စင်ရဲ့ စွမ်းဆောင်ချက်ပညာရေးအတွက်
၈း၀၅ - ၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀ - ၂း၁၀	Sunday Talk
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ဗုဒ္ဓစာပေဆုရ ဒေါက်တာချစ်ငယ်(ဒဿန)နှင့်တွေ့ဆုံခြင်း]
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	စိုက်ပျိုးဝေဆာ တို့မြေမှာ (ဆလတ်ပင်စိုက်ပျိုးနည်း)
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	လေးပါးဆေးအမယ်ပေါင်းစုယူဆေးစတုမဓူ
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	အေးမြလန်းဆန်း Happy အစွမ်း
၁၁း၀၅ - ၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	အထူးအမှန်ကောင်းမည့်ရေလှောင်တမံ"ဖြူးချောင်း"
၁၁း၅၀ - ၅း၅၀	Fashion Fever (လေးထပ်ကွမ်းအကယ်ဒမီ ချိုပြုံးနှင့်တွေ့ဆုံခြင်း)
၁၂း၂၀ - ၆း၂၀	ကူးစက်မဟုတ်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေး (ပါမောက္ခ ဒေါက်တာခင်မေစန်း၊ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာ စိုးဦးမောင်)
၁၂း၄၅ - ၆း၄၅	Music Gallery (ဒွေး တစ်နှစ်ပြည့်အမှတ်တရ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ သွေးလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၄

ဆေးရုံအသီးသီးပေါ်၌ သွေးလိုအပ်နေသော ဝေဒနာရှင်များအတွက် မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍(၁၀၄)ကြိမ်မြောက် ဒါနဥပပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံမွှာရုံ၌ ဇူလိုင် ၂၇ရက် နံနက် ၈နာရီခွဲတွင်ကျင်းပရန် ကြေညာထားသော်လည်း အကြောင်း မညီညွတ်၍ ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီခွဲသို့ ပြောင်းလဲကျင်းပ မည်ဖြစ်ကြောင်းနှင့် သွေးလှူဒါန်းလိုသူတိုင်း လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ **ဝန်ကြီးဌာနပေါင်းစုံမှ**

နေပြည်တော်ပျဉ်းမနားပေါင်းလောင်းကွင်း၌ (စ)အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ရှေ့နေချုပ်ရုံးအသင်းကို ၁၂ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

၅-၈-၂၀၀၈

နေပြည်တော်ကွင်း

(ဆ)အုပ်စု

ဆက်သွယ်ရေး၊ စာတိုက်နှင့် နိုင်ငံခြားရေး

ပေါင်းလောင်းကွင်း

(ဆ)အုပ်စု

ဟိုတယ်/ခရီးနှင့် ပြည်ထဲရေး

(၁၀၇)

CMP လုပ်ငန်းများညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၄

Cutting၊ Making၊ Packing (C M P) လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ ကျင်းပရာ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ CMP လုပ်ငန်းများ သွင်းကုန်ပို့ကုန် ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ CMP လုပ်ငန်းများစစ်ဆေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ကော်မတီ (၃)ရပ်မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုဇုန်များရှိ CMP လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက CMP လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေါ်ယူညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမားကိစ္စရပ်များ၊ အခွန်နှင့် လုပ်ခကြီးကြပ်ရေး ကိစ္စရပ်များ၊ လုပ်ငန်းများစစ်ဆေးရေး ကိစ္စရပ်များကို ကုမ္ပဏီလုပ်ငန်းရှင်များက မှန်မှန်ကန်ကန်နှင့် စာရင်းဇယားများ ပြုစုကြရန်နှင့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ အတတ်ပညာများရရှိရန်နှင့် အလုပ်အကိုင် အခွင့်အရေးများရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ CMP လုပ်ငန်းများ သွင်းကုန် ပို့ကုန် ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက CMP အထည်ချုပ်လုပ်ငန်းများ သွင်းကုန် ပို့ကုန် ကြီးကြပ်မှု လုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း၊ CMP လုပ်ငန်းများ စစ်ဆေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က CMP အထည်ချုပ်လုပ်ငန်းများ စစ်ဆေးဆောင်ရွက်မှု ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ အတွင်းရေးမှူး ဦးအောင်ဝင်းတို့က CMP အထည်ချုပ်လုပ်ငန်းများ၏ ပြည်တွင်းလုပ်ငန်းအခြေအနေ၊ နိုင်ငံတကာဈေးကွက်အခြေအနေနှင့် CMP အထည်ချုပ်လုပ်ငန်းများ စနစ်တကျ မြန်မြန်ဆန်ဆန်ဖြစ်မြောက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် CMP လုပ်ငန်းရှင်များက သိလိုသမျှကို ဆွေးနွေးတင်ပြကြပြီး CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ CMP လုပ်ငန်းရှင်များ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

CMPလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း CMP လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ ရွတ်ဆိုပူဇော်ပွဲကို ၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့် ၁၆-၈-၂၀၀၈ (စနေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာစိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲ လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာ စာစောင်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော သုတပဒေသာစာစောင် အတွဲ(၃၅)၊ အမှတ်(၈) စာစောင်ကို အသွင်သစ်ဖြင့် ဘာသာပြန်စာပေများကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ဖြန့်ချိလိုက်ပြီဖြစ်သည်။

(အောက်ဝဲပုံ)

ယခုလထုတ် သုတပဒေသာ စာစောင်တွင် ဂျပန်နိုင်ငံမှ ပလတ်စတစ် အစားအစာ၊ မိုင်အိုလူမျိုးတို့၏ ရိုးရာဝတ်ဆင်မှု၊ ထူးဆန်းသော ပဟေဠိမာစတာ၊ ထိုင်းနိုင်ငံမှ ရှေးဟောင်းနာရီများ၊ သေဟန်ဆောင်တဲ့ ပင့်ကူ အစရှိသည့် အကြောင်းအရာများအပြင် ပါနေကျ ကဏ္ဍများဖြစ်သည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပုံပြင်ဝတ္ထု၊ သတင်းသုတကဏ္ဍများ ပါရှိသည်။

အဆိုပါ သုတပဒေသာ စာစောင်ကို အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် မြို့နယ်အသီးသီးရှိစာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၈-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၅ ၅။ **“လက်တွေ့ပြချင်လို့” (ဖြိုးငွေစိုး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြည်စိုး)**
၈း၁၅ ၆။ နှောင်းခေတ် တေးပဒေသာ
၈း၃၀ ၇။ International News.
၈း၄၅ ၈။ အတီးပြိုင်ပွဲ
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ “လူကူးမျဉ်းကျားမှကူးမယ်”
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ အတီးပြိုင်ပွဲ
၅း၁၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၃။ သုတစုံလင် ရွှေညဏ်ရှင်
၇း၂၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့် လှည့်ကွက်” (အပိုင်း-၁၈)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့” (အပိုင်း-၁၈)**
၁၉။ အစီအစဉ်ပြီး၏။

ကမ္ဘာ့ဒုတိယအမြင့်ဆုံးတောင်ထိပ်တွင် နှင်းပြိုကျမှုကြောင့် တောင်တက်သမား ၁၁ ဦး သေဆုံး

အစ္စလာမ်မာဘတ် ဩဂုတ် ၄

ယခုရက်သတ္တပတ်ကုန်ပိုင်းက ပါကစ္စတန်နိုင်ငံရှိ ကမ္ဘာ့ဒုတိယအမြင့်ဆုံးတောင် K2 ကို တက်ရောက်ရာမှ တောင်တက်သမား ၁၁ ဦး သေဆုံးသွားခဲ့ရသည့် တောင်တက်အဖွဲ့တစ်ခုမှ ဒတ်ချ်လူမျိုး တောင်တက်သမားနှစ်ဦးကို ပါကစ္စတန် တပ်မတော်ရဟတ်ယာဉ်များက ကယ်တင်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရာသီဥတုဆိုးရွားနေမှုကြောင့် တောင်ပေါ်တွင် ပျောက်ဆုံးနေဆဲဖြစ်သည့် အီတလီ တောင်တက်သမားတစ်ဦးကို ကယ်ဆယ်ရန် ကြိုးပမ်းမှုများ နှောင့်နှေးနေရကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းပေးသည်။

သောကြာနေ့တွင် တောင်တက်သမား ၂၅ဦးတို့ တောင်ထိပ်သို့ ရောက်ခဲ့ကြသော်လည်း ရေခဲနှင့် နှင်းများ ပြိုကျမှုဖြစ်ပွားပြီးနောက် တောင်တက်သမား ကိုးဦးပါသွားပြီး သေဆုံးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ အခြား တောင်တက်သမားတစ်ဦးနှင့် အထမ်းသမား တစ်ဦးတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

အမြင့် ၈၆၁၁မီတာ (၂၈၂၅၁ပေ)ရှိ K2 တောင်ထိပ်သည် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတောင်ဖြစ်ပြီး တက်ရောက်ရန် အခက်ခဲဆုံးတောင်အဖြစ် တောင်တက်သမားများက အလေးထားကြသည်။

ယခုဖြစ်ရပ်သည် K2 တောင်တက်ရောက်မှုမှတ်တမ်းတွင် တစ်နေ့တည်းနှင့် အသေအပျောက်အများဆုံးဖြစ်ရပ်ဖြစ်ပြီး ၁၉၉၅ ခုနှစ် ဩဂုတ် ၁၃ ရက်က ဖြစ်ပွားခဲ့သောဖြစ်ရပ်တွင်မူ နှင်းမုန်တိုင်းအတွင်း တောင်တက်သမား ခြောက်ဦး ပျောက်ဆုံးခဲ့ရသည်။

၁၉၅၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် K2 တောင်ထိပ်ပေါ်သို့ အီတလီလူမျိုး တောင်တက်သမားနှစ်ဦးက ပထမဆုံးအကြိမ် အောင်မြင်စွာ တက်ရောက်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရသည်။ ***(အင်တာနက်)***



ကမ္ဘာ့ဒုတိယအမြင့်ဆုံးတောင် K2 တောင်ထိပ်ကို တွေ့ရစဉ်။

သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်း အသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	မြက်ရိတ်စက်	၁၈၃၁	Ferrabee Budding	အင်္ဂလိပ်
၂	နိုင်လွန်(အတု)	၁၉၃၀	Carothers	အမေရိကန်
၃	နိုင်လွန်	၁၉၃၇	Du Pont Lab	အမေရိကန်
၄	မျက်စိစမ်းသပ်ကိရိယာ	၁၈၅၁	Helmholtz	ဂျာမနီ
၅	နှလုံးခုန်နှိုးစက်	၁၉၅၂	Zoll	အမေရိကန်
၆	စက္ကူ	၁၀၅	Ts'ai	တရုတ်
၇	စက္ကူညှပ်ကလစ်	၁၉၀၀	Waaler	နော်ဝေ
၈	စက္ကူစက်	၁၈၀၉	Dickinson	အမေရိကန်
၉	လေထီး	၁၇၈၅	Blanchard	ပြင်သစ်
၁၀	ဘောလ်ပွိုင့်ဖောင်တိန်	၁၈၈၈	Loud	အမေရိကန်

NLD ဌာနချုပ်သို့ ဇူလိုင်လအတွင်း

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၅)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဩဂုတ် ၄

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ် ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ် ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ ခုနှစ် ဇူလိုင်လအတွင်း (၂၅)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD,CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

လုယက်မှုကျူးလွန်သူ အမေရိကန်တပ်ဖွဲ့ဝင်အား တောင်ကိုရီးယားရဲဖမ်း

ဆိုးလ် ဩဂုတ် ၃

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ဘက် ၆၅ ကီလိုမီတာ အကွာ ပြောင်တက်ခ်ဒေသရှိ ကုန်မျိုးစုံဆိုင် လုယက်မှုနှင့် ပတ်သက်၍ ဩဂုတ် ၂ ရက်က အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တောင်ကိုရီးယား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ပြည်တွင်းသတင်းဌာနက ဖော်ပြခဲ့သည်။

ဖမ်းဆီး

တောင်ကိုရီးယားရဲတပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်ကို ဖမ်းဆီးခဲ့သော်လည်း ၎င်း၏ အမည်အပြည့်အစုံကို ဖော်ပြခြင်းမပြုချေ။

အမေရိကန်တပ်ဖွဲ့ဝင်သည် ဟမ်ဖရေးစ်စခန်းဟုခေါ်သော အမေရိကန်စစ်အခြေစိုက်စခန်း၌တာဝန်ကျနေသူဖြစ်ပြီး ကုန်စုံဆိုင်အတွင်း ဓားဖြင့်ခြိမ်းခြောက်ကာ ဝမ် ၂၇၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၆၆)ခန့်ကို လုယူသွားခြင်းဖြစ်ကြောင်း ၎င်းသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ အိုလံပစ်ရွာရှိ အဆောက်အအုံအချို့ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ထိုးစစ်များဆင်နွှဲ၊ ၁၀၃ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆွတ်တောင်ကြားဒေသ၌ စစ်ဆင်ရေးပြုလုပ်မှုကြောင့် စစ်သွေးကြွ ၅၈ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ဦး အပါအဝင် လူ ၁၀၃ ဦး သေဆုံးကြောင်း ပြည်တွင်းသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

သေကျေ ဒဏ်ရာရရှိသူများထဲတွင်လည်း အရပ်သား ၃၀ ခန့် ပါရှိကြောင်း ဒေးလီးတိုင်းမ်သတင်းစာက ရေးသားသည်။ ရဲစခန်းတစ်ခုမှ ရဲတပ်ဖွဲ့ဝင်နှင့် စစ်ဘက်လုံခြုံရေး တပ်ဖွဲ့ဝင် ၂၅ ဦးကို တာလီဘန်စစ်သွေးကြွများက ပြန်ပေးဆွဲခဲ့ပြီးနောက် အင်္ဂါနေ့က ဆွတ်တောင်ကြားဒေသတွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များသည် အဓိကထိုးစစ်ကြီးများကို စတင်ဆင်နွှဲခဲ့သည်။ တာလီဘန်များပုန်းခိုရာ ထိုဒေသသို့ အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားသုံးဦးနှင့် စစ်သွေးကြွငါးဦး သေဆုံးသည်။

ယင်းဒေသတွင် ငြိမ်းချမ်းရေး ပြန်လည် ထိန်းသိမ်းနိုင်သည့်တိုင်အောင် လုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း အစိုးရက သောကြာနေ့တွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားသူ ၂၁၀၀၀ ရှိ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက ယခုအချိန်ထိ ထိန်းသိမ်းထားသူ ၁၀၀၀၀ ကျော်ကို ပြန်လွှတ်ပေးခဲ့သော်လည်း ၎င်းတို့ ကြီးကြပ်ကွပ်ကဲသည့် အကျဉ်းထောင်နှစ်ခုတွင် ၂၁၀၀၀ ခန့်ကို ထိန်းသိမ်းထားဆဲရှိသည်ဟုဆိုသည်။

ကြေညာ

အမေရိကန်တပ်ဖွဲ့များက ထိန်းသိမ်းထားသူစုစုပေါင်း ၂၁၀၀၀ ခန့်တွင် ဘာဆရာမြို့အနီး ဘတ်ကာစခန်း၌ ၁၇၀၀၀ ခန့်၊ ဘဂ္ဂဒက်မြို့ရှိ ကရော့ပါစခန်း၌ ၃၀၀၀ ခန့်ရှိကြောင်း ၎င်းတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုစုစုပေါင်းအဖမ်းခံထားရသူများတွင် အမျိုးသမီးတစ်ဒါဇင်၊ လူငယ် ၃၀၀ ကျော်၊ နိုင်ငံခြားသား ၂၀၀ ခန့်နှင့် အသက် ၆၀ ကျော်အရွယ် ၂၀၀ ခန့်ပါဝင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီ၌ ဘိန်းဖြူ ၂၀၇ ကီလို ဖမ်းမိ

အန်ကာရာ ဩဂုတ် ၃

တူရကီနိုင်ငံ အရှေ့ဘက် အဂရီပြည်နယ် ဒိုဂူဘာရာဇစ်မြို့၌ ဩဂုတ် ၂ ရက်က ဘိန်းဖြူ ၂၀၇ ကီလိုကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

အိမ်နီးချင်း အီရန်နိုင်ငံမှလာသည့် ကုန်တင်ယာဉ်တစ်စီးကို ရဲတပ်ဖွဲ့က ရှာဖွေရာတွင် သို၀ှက်ယူလာသည့် ဘိန်းဖြူများကို ဖမ်းမိခြင်းဖြစ်သည်။

အဆိုပါကုန်တင်ယာဉ်၏ ယာဉ်မောင်းကို ထိန်းသိမ်းထားသည်။

တူရကီနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းဒေသမှ အနောက်ဥရောပရှိ ဈေးကွက်များသို့ မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းရာ အဓိကသယ်ယူရေး လမ်းကြောင်းတစ်ခု ဖြစ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် လုံခြုံရေး တာဝန်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်နှစ်ဦးကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်တွင် ဆိုက်ကပ်ထားသည့် အမေရိကန်ရေငုပ်သင်္ဘောမှ ရေဒီယိုဓာတ်ရောင်ခြည် ယိုစိမ့်မှုဖြစ်

တိုကျို ဩဂုတ် ၃

ဂျပန်နိုင်ငံတွင် ယခုနှစ်အစောပိုင်းကတည်းက ဆိုက်ကပ်ထားခဲ့သော နျူကလီးယားစွမ်းအင်သုံး အမေရိကန်ရေငုပ်သင်္ဘောတစ်စင်းမှ အဏုမြူဓာတ်ရောင်ခြည် အနည်းငယ် ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း ဂျပန်အစိုးရအဖွဲ့က စနေနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အဆိုပါအဏုမြူရောင်ခြည် ယိုစိမ့်မှုသည် ပမာဏအလွန်နည်းပါးသဖြင့် ပတ်ဝန်းကျင်ဒေသများနှင့် ဒေသခံများအပေါ် မည်သို့မျှ မထိခိုက်စေနိုင်ကြောင်း ဝန်ကြီးအဖွဲ့မှ လက်ထောက်အကြီးအကဲဖြစ်သူ နိုဘတ်တာကာမာချီမူရာက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

ဂျပန်နိုင်ငံတွင် နျူကလီးယား လေယာဉ်တင်သင်္ဘော အခြေစိုက်စခန်းထားရှိရန် အစီအစဉ်နှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံအနေဖြင့် ဂျပန်ပြည်သူတို့၏ စိုးရိမ်ထိတ်လန့်မှုများကို သက်သာစေရန်အတွက် နည်းလမ်းများ ရှာကြံလျက်ရှိနေစဉ်အတွင်း အဆိုပါရေငုပ်သင်္ဘော မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရေငုပ်သင်္ဘောတစ်စင်းမှ ပထမဆုံးအကြိမ် ဓာတ်ရောင်ခြည် ယိုစိမ့်မှုဖြစ်ပွားခြင်းဖြစ်ပြီး ယခုကဲ့သို့ ထပ်မံဖြစ်ပွားခြင်းမရှိစေရန် အချိန်ပြည့် စောင့်ကြည့်စစ်ဆေးကြရန် တာဝန်ရှိသူများအား ညွှန်ကြားချက် ထုတ်ပြန်ထားသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ လူရီဟမ်ပြတိုက်တွင် ပြသထားသည့် ပြန်လည်တည်ဆောက်ထားသော တော်ဗိုဆောရပ် ဒိုင်နိုဆောရပ်ကြွင်း၏ ဦးခေါင်းကိုရှာဖွေတွေ့ရှိခဲ့သူလူငယ်လေးနှင့်အတူ ဩဂုတ်၃ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေယာဉ်ဆီ ယိုစိမ့်မှုကြောင့် ကွမ်တပ်စ်လေယာဉ် ခရီးစဉ်ပြန်လှည့်

မဲလ်ဘုန်း ဩဂုတ် ၃

စနေနေ့က ဖိလစ်ပိုင်နိုင်ငံသို့ ဦးတည်ပျံသန်းနေသော ကွမ်တပ်စ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းတွင် လေယာဉ်မှူးက ဟိုက်ဒြောလစ်အရည်များ ယိုစိမ့်နေကြောင်းတွေ့၍ ၎င်းလေယာဉ်ကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ လှည့်ပြန်စေခဲ့ရသည်။

ခရီးသည် ၂၀၀ တင်ဆောင်ထားသော ဘိုရင်း ၇၆၇-၃၀၀ လေယာဉ်သည် ဆစ်ဒနီမြို့သို့ ဘေးကင်းစွာ ပြန်ရောက်ခဲ့ကြောင်း ကွမ်တပ်စ်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ထိုလေယာဉ်ပေါ်၌ပါသော ဖိလစ်ပိုင်နိုင်ငံသို့သွားမည့် ခရီးသည်များကို ဆစ်ဒနီမြို့မှ ညနေ ၅ နာရီခွဲတွင် ထွက်မည့် အခြားလေယာဉ်တစ်စင်းပေါ်သို့ လွှဲပြောင်းတင်ပေးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပီရူး၌ ပေါက်ကွဲစေတတ်သည့်လက်နက်ပစ္စည်း ၆၀၀၀ ခန့် ဖမ်းမိ

မက္ကဆီကိုစီးတီး ဩဂုတ် ၃

လီမာမြို့လယ်၌ ဩဂုတ် ၁ ရက်က ကုန်တင်ယာဉ်တစ်စီးအတွင်းမှ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်း ၆၀၀၀ ခန့်ကို ပီရူးနိုင်ငံရဲတပ်ဖွဲ့က တွေ့ရှိဖမ်းဆီးရမိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သယ်ဆောင်

ပီရူးနိုင်ငံမြို့တော် လူစည်ကားရာဒေသများနှင့် နိုင်ငံအတွင်း အဓိကသတ္တုတွင်းလုပ်ငန်းရှိရာ အချို့နေရာများတွင် ဗုံးဖြင့် တိုက်ခိုက်ရန် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို အကြမ်းဖက်သမားများက သယ်ဆောင်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီး

အသက် ၇၂ နှစ်အရွယ်ရှိ လေယာဉ်မောင်းတစ်ဦးအပါအဝင် ကုန်တင်ယာဉ်ပေါ်မှ လူလေးဦးကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

(၁၅)ကြိမ်မြောက် ဆာအတ်ထိပ်သီးဆွေးနွေးပွဲပြီးဆုံး

ကိုလံဘို ဩဂုတ် ၃

သီရိလင်္ကာနိုင်ငံတွင် ထုတ်ပြန်သော သဘောတူညီချက်ကို လက်ခံအတည်ပြုပြီးနောက် ကိုလံဘိုမြို့တွင် နှစ်ရက်ကြာကျင်းပသည့် (၁၅)ကြိမ်မြောက် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်) အစည်းအဝေးကို တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ရုပ်သိမ်းလိုက်သည်။

ဆာအတ်ဖွံ့ဖြိုးရေး ရန်ပုံငွေ ထူထောင်ရေးနှင့် ရာဇဝတ်မှုရေးရာ အပြန်အလှန် ကူညီဆောင်ရွက်ရေးတို့ အပါအဝင် သဘောတူညီချက် လေးရပ်ကို အဆိုပါ ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သည်။

နှစ်ရက်ကြာ ကျင်းပသည့် (၁၅)ကြိမ်မြောက်ဆာအတ်ထိပ်သီးဆွေးနွေးပွဲကို စနေနေ့က ကိုလံဘိုမြို့၌ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးသို့ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေး၌ ဆင်းရဲမှု လျှော့ပါးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လောင်စာပြဿနာဖြေရှင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာဖြေရှင်းရေးတို့ကို ဆွေးနွေးကြသည်။

အင်တာနက်။



ဩဂုတ် ၃ ရက်က (၁၅)ကြိမ်မြောက် ဆာအတ်ထိပ်သီး အစည်းအဝေးပြီးဆုံးခြင်း အခမ်းအနား၌ သီရိလင်္ကာနိုင်ငံသမ္မတ မဟင်ဒြာရာဂျာပတ်ဆီးနှင့် မော်လ်ဒိုက်သမ္မတ မော့ပွန်းအနူဂါယွန်တို့ လက်ဆွဲနှုတ်ဆက်နေကြစဉ်။ [နောက်မှ ရပ်နေသူနှစ်ဦးမှာ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီတို့ ဖြစ်ကြသည်။] *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနိုင်ငံတွင် ထရပ်ကား မြစ်ထဲထိုးကျ ခရီးသည် ၄၀ ခန့် သေဆုံး

နယူးဒေလီ ဩဂုတ် ၃

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘီဟာပြည်နယ်တွင် စနေနေ့ညက ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ လူ ၄၀ သေဆုံးကြောင်း တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော ဆင်ဟွာသတင်းဌာန၏ သတင်းများအရ သိရှိရသည်။

အဆိုပါဒေသအနီးရှိ ကျေးရွာများတွင် ပျိုးကြဲပြီးနောက် နေအိမ်သို့ ပြန်လာကြသည့် လယ်သမား ၅၀ နှင့် စိုက်ပျိုးရေး မျိုးစေ့အိတ်များကို တင်ဆောင်လာသည့် ထရပ်ကားသည် အခင်းဖြစ်ပွားရာနေရာ အရောက်တွင် စက်ချွတ်ယွင်းမှုဖြစ်ပွားကာ အရှိန်မထိန်းနိုင်ဘဲ မြစ်အတွင်းသို့ ထိုးကျခဲ့ရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၃၅ ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ရပြီး အခြားသူများမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေကာ အနီးရှိဆေးရုံသို့ တင်ပို့ပေးခဲ့ရကြောင်း ၎င်းတို့က ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယ်သာလန်နိုင်ငံ ဒီဗင်တာမြို့၌ နှစ်စဉ်ကျင်းပသော စာအုပ်ပွဲတော်တွင် စံချိန်တင်အဖြစ် ယခုနှစ်၌ ဧည့်သည်တော် ၁၃၀၀၀၀ ခန့် လာရောက်ကြည့်ရှုကြရာ ဩဂုတ် ၃ရက်က စည်ကားစွာတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လော့စ်အိန်ဂျလိစ်လေဆိပ်တွင် ဗုံးပေါက်ကွဲမည့်အန္တရာယ် သတိပေးချက်ကြောင့် နားနေဆောင်မှလူများအား ရွှေ့ပြောင်းပေးရ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၃

အမေရိကန် ပြည်ထောင်စုတွင် လူအစည်ကားဆုံး လေဆိပ်တစ်ခုဖြစ်သည့် လော့စ်အိန်ဂျလိစ်လေဆိပ် နားနေဆောင်မှလူများအား ဗုံးပေါက်ကွဲမည့် အန္တရာယ်သတိပေးချက်ကြောင့် နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဝါယာကြိုးများ ပွတ်သိပ်ထည့်သွင်းထားသည့် အိတ်တစ်အိတ်ကို ရှာဖွေစက်ဖြင့် စစ်ဆေးကြည့်ပြီးနောက် ဖော်ပြပါအတိုင်း သတိပေးချက် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟု လော့စ်အိန်ဂျလိစ် ဗုံးစစ်ဆေးရေးရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ဝါယာကြိုးများသည် စာအုပ်၊ ကွန်ပျူတာနှင့် ပတ်သက်သည့် ပစ္စည်းများဖြစ်သည်ဟု အဆိုပါဌာနက ပြောကြားသည်။

အဆိုပါ မသင်္ကာဖွယ်ပစ္စည်းကို စစ်ဆေးရေးမှူးများက တွေ့ရှိပြီး နားနေဆောင်မှလူအချို့ကို ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု လော့စ်အိန်ဂျလိစ်လေဆိပ် ရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ဟိုလ်းကွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် အဖမ်းခံထားရသည့် ပြင်သစ်စားစာခံနှစ်ဦး ပြန်လည်လွတ်မြောက်

ပါရီ ဩဂုတ် ၃

အာဖဂန်နစ္စတန်တွင် ပြီးခဲ့သည့်လက ပြန်ပေးဆွဲခံရသော ပြင်သစ်နိုင်ငံမှ လူသားချင်းအကူအညီပေးရေးအဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးသည် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်းကို အကူအညီပေးရေးအဖွဲ့က စနေနေ့တွင် ပြောကြားသည်။ လွတ်မြောက်လာသောဓားစာခံနှစ်ဦးသည် ကျန်းမာရေးကောင်းမွန်သည်ဟု ယူဆရကြောင်းနှင့် ၎င်းတို့ကို မကြာမီ ပြင်သစ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြင်သစ်အခြေစိုက် ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။ ၎င်းတို့ ပြန်လည်လွတ်မြောက်လာစေရန် ပြန်ပေးငွေများပေးရခြင်းမရှိကြောင်းသာ ထုတ်ပြန်ပြောကြားသော်လည်း အခြေအနေအသေးစိတ်ကို ပြောကြားခြင်းမရှိပေ။

အာဖဂန်နစ္စတန်နိုင်ငံ ဒေကန်ဒီပြည်နယ်တွင် ဇူလိုင် ၁၈ ရက်က ၎င်းတို့နှစ်ဦးအား လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။ ပြန်ပေးဆွဲခံရသူများ ပြန်လည်လွတ်မြောက်လာသည့်အတွက် မိမိစိတ်အေးရကြောင်း ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီက ပြောကြားသည်။ အာဖဂန်နစ္စတန်တွင် မျက်မှောက်ကာလ၌ ပြင်သစ်တပ်ဖွဲ့ဝင် ၁၅၀၀ ခန့် ဖြန့်ကြက်ချထားသည်။

အင်တာနက်။

မိုဂါဒစ်ရှုးမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၁၅ ဦးသေဆုံး၊ အများအပြားထိခိုက်ဒဏ်ရာရရှိ

မိုဂါဒစ်ရှုး ဩဂုတ် ၃

ဆိုမာလီနိုင်ငံမိုဂါဒစ်ရှုးမြို့ မြောက်ဘက်ရှိ လမ်းမပေါ်တွင် တနင်္ဂနွေနေ့က လမ်းဘေးဗုံး ပေါက်ကွဲခဲ့သဖြင့် သန့်ရှင်းရေးဝန်ထမ်းအမျိုးသမီး ၁၃ဦးနှင့် အမျိုးသားနှစ်ဦးတို့ သေဆုံးခဲ့ရပြီး လူ ၄၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများနှင့် ဆေးရုံဝန်ထမ်းများက ပြောကြားသည်။

မိုဂါဒစ်ရှုးမြို့၏ အဓိကအားထားရာ မီဒီနာဆေးရုံသို့ ဒဏ်ရာရလူနာများ စုပြုံရောက်ရှိလာခဲ့ကြောင်းနှင့် ၎င်းတို့အနက် ၂၂ ဦးခန့်မှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောကြားသည်။ အဆိုပါအင်အားပြင်းထန်သည့် လမ်းဘေးဗုံးပေါက်ကွဲမှုသည် ယင်းနေ့ နံနက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်သမားများ ကြီးစိုးရာ ၎င်းပင်လယ်ကမ်းရိုးတန်းမြို့တော်တွင် ဗုံးပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရှိရသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ချူကလီးယား အငြင်းပွားမှုပြဿနာအပေါ် အမေရိကန်က စံနှုန်းမျိုးဖြင့်ဆက်ဆံသည်ဟု အီရန်ကစွပ်စွဲပြောကြား

တီဟီရန် ဩဂုတ် ၃

အီရန်နှင့် အိန္ဒိယတို့၏ နျူကလီးယား သဘောတူစာချုပ်အပေါ် အမေရိကန်က စံနှုန်းမျိုးထား ဆက်ဆံကြောင်း အီရန်က စနေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။ အီရန်နိုင်ငံ၏ အဏုမြူရည်မှန်းချက်နှင့် ပတ်သက်၍ အငြင်းပွားပြဿနာအပေါ် အနောက်အုပ်စုနိုင်ငံများမှ သတ်မှတ်ထားခဲ့သည့် နောက်ဆုံးရက်တွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အီရန်က နျူကလီးယား အစီအစဉ်များ တိုးချဲ့မှုထိန်းချုပ်ပါက ကုလသမဂ္ဂက အီရန်အပေါ် အရေးယူပိတ်ဆို့မှုရှောင်ရှားရန် အနောက်အုပ်စု အင်အားကြီးနိုင်ငံများက ဇူလိုင် ၁၉ ရက်မှ ရက်သတ္တနှစ်ပတ်အထိ ကမ်းလှမ်းထားသည်။ ယင်းနိုင်ငံများက စနေနေ့တွင် နောက်ဆုံးတုံ့ပြန်ရန် ရက်သတ်မှတ်ပေးခဲ့သော်လည်း အီရန်က အဆိုပါရက်သတ္တနှစ်ပတ်အတွင်း တုံ့ပြန်မှုမရှိခဲ့ပေ။ ဘရပ်ဆယ်ရှိ ဥရောပသံတမန်များက နောက်ရက် အနည်းငယ်အထိ စောင့်ဆိုင်းရန် အဆင့်သင့်ရှိသည်ဟု ပြောကြားသည်။

သတ်မှတ်ထားသည့် ရက်သတ္တနှစ်ပတ်အတွင်း မိမိတို့ ဆွေးနွေးမှု မပြုလုပ်ခဲ့ရကြောင်း၊ သို့တည်းမဟုတ် သဘောတူညီချက် မရရှိခဲ့ကြောင်း အီရန်မှ အိုင်အေအီးအေ ကိုယ်စားလှယ်ဖြစ်သူ ဆိုတာနစ်ကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိုင်အေအီးအေက အိန္ဒိယနိုင်ငံအား စစ်ဆေးမည့် အစီအစဉ်ကို သောကြာနေ့က သဘောတူခဲ့မှုအပေါ် ၎င်းက အမေရိကန်၏ မူဝါဒကို ဝေဖန်ခဲ့သည်။ ယင်းလုပ်ရပ်သည် အိန္ဒိယနှင့် အမေရိကန်အတွင်း နျူကလီးယား သဘောတူညီချက်အပြီးသတ်လုပ်ဆောင်နိုင်စေမည့် အရေးပါသော လုပ်ရပ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကင်ညာ၌ နွားခိုးသူများ၏တိုက်ခိုက်မှုကြောင့် ၃၀ ထက်မနည်း သေဆုံး

နိုင်ရိုဘီ ဩဂုတ် ၃

ကင်ညာနိုင်ငံ ဝေးလံသီခေါင်သော တာကာနာဒေသတွင် နွားသူခိုးများက လူ ၃၀ ထက်မနည်းကို သတ်ခဲ့ကြောင်း၊ ထိုဒေသတွင် ရေအရင်း အမြစ်များ၊ စားကျက်မြေများရှားပါးလှပြီး မကြာခဏ အချင်းများမှုဖြစ်ပွားကြောင်း ဒေသခေါင်းဆောင်တစ်ဦးက စနေနေ့တွင်ပြောကြားသည်။

မြို့တော်နိုင်ရိုဘီမြောက်ပိုင်း ကီလိုမီတာ ၃၀၀ အကွာရှိ တာကာနာဒေသတွင် လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသူများက ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး ကျွဲ၊ နွားကောင်ရေ ၇၀၀ ထက်မနည်းကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူ ဂျိုစပတ်နာကော့စ်က ရိုက်တာသို့ ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်သည့်နေရာသည် အခေါင်အဖျားကျလှပြီး လေယာဉ်ဖြင့်သာသွားရောက်နိုင်သည့်နေရာဖြစ်သည်။ အခင်းဖြစ်ရာနေရာသို့ ဖြစ်ရပ်မှန်သိရှိနိုင်ရန် ရဲတပ်ဖွဲ့များ၊ စုံစမ်းသူများမရောက်သေးကြောင်း နာကော့စ်က ရိုက်တာသို့ ပြောကြားသည်။ ကင်ညာနိုင်ငံ လူနေကျဲပါးသည့် အနောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများရှိ မွေးမြူရေးအဖွဲ့များအကြားတွင် ကျွဲ၊ နွားခိုးယူ လုယက်မှုများ ဖြစ်ပွားလေ့ရှိသည်။ ရေအရင်းအမြစ်နှင့် စားကျက်မြေရှားပါးမှုတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခိုက်ရန်ဖြစ်ပွားမှုများ ပေါ်ပေါက်စေသည့် အကြောင်းအချက်များဖြစ်သည်ဟု သတင်း၌ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း အိုလံပစ်အားကစားပွဲ အိုလံပစ်ကျေးရွာဖွင့်ပွဲတွင် တရုတ် အားကစားသမားများ အလယ်၌ နာမည်ကျော် တရုတ် ဘတ်စကက်ဘော အားကစားသမား ယောင်မင်းအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘောကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက်ရှိကြသည်။

✳ လေဘောသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းတို့မှ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✽

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး အနိုင်ရ

နေပြည်တော် ဩဂုတ် ၄

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ကွင်းနှင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ကွင်းတွင်(စ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁သို့** ◯

အတည်ပြုချိန် ၃း၁၅